# ယနေ့ မြန်မာ နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၂၀)၊ ၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ၊ ၂၀–၁၀–၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု ရိုးရာအကအဖွဲ့က ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးသည်။


စာမျက်နှာ ၃ သို့ ✻


## ယနေ့ ဖတ်စရာအညွှန်း


စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်စေဖို့ (ဆောင်းပါး)

စာမျက်နှာ ၆

ဈေးနှုန်းချိုသာသော စားသုံးမှုပုံစံဖြင့် နှလုံးကျန်းမာရေး ကောင်းမွန်စေနိုင်မည်

စာမျက်နှာ ၇

ဆက်စ်ကိုအား ခေါ်ယူရန် အာဆင်နယ်အသင်းကြိုးပမ်း

စာမျက်နှာ ၁၁


## တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့် ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ အောက်တိုဘာ ၂၀ ရက်၊ တနင်္ဂနွေနေ့။

## လူငယ်တို့၏ အကျင့်စာရိတ္တပျိုးထောင်ရေး

လူတစ်ယောက်ကို လူ့အဖွဲ့အစည်းတွင် တန်ဖိုးရှိသောလူဖြစ်လာစေရန် ကောင်းသောစာရိတ္တ၌ အကျင့်ရလာစေရန် လေ့ကျင့်ပေးရသည်။ စာရိတ္တပျိုးထောင်ရေးအလုပ်ကို ဦးစွာပြုလုပ်ပေးရသူမှာ မိဘနှစ်ပါးဖြစ်သည်။ ထို့ကြောင့် မိဘနှစ်ပါးကို လက်ဦးဆရာဟုခေါ်ကြသည်။ ထို့နောက် ကျောင်းနေအရွယ်သို့ ရောက်ရှိလာသောအခါ စာသင်ကြားပေးသော ဆရာများက ဆောင်ရွက်ကြသည်။ ထိုမျှမပြီးသေးပါ။ ဘွဲ့ရလာသည်အထိ သင်ကြားပြီး မိမိ၏ စာရိတ္တကို ထူထောင်ရပါသည်။ ထို့ပြင် ပတ်ဝန်းကျင်ကလည်း လူကို ပြုပြင်တတ်လေရာ ကောင်းသောပတ်ဝန်းကျင်၌ နေရသည်။ မင်္ဂလာတရားစကားနှင့်ဆိုရလျှင် ပညာရှိကို ဆည်းကပ်၍ လူမိုက်ကို ရှောင်ကြဉ်ရမည်ဖြစ်သည်။

စာရိတ္တပျိုးထောင်ခြင်းကို ငယ်ငယ်ကတည်းက စတင်ရသည်မှာ လူတိုင်းအသိပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို စာရိတ္တပညာရအောင် ကလေးအရွယ်ကပင် ပြုစုပျိုးထောင်ရသည်။ ကောင်းသောစာရိတ္တ၌ အကျင့်ရလာသောလူငယ်သည် သူတို့အရွယ်တူချင်းတွင်လည်း အများ၏ ယုံကြည်လေးစားမှုကို ခံရသည်။ စာရိတ္တကောင်းသော ထိုလူငယ်ကို လူကြီးများက ချစ်ခင်ကြသည်။ မိဘတို့သည် သား၊သမီးတို့အား အချိန်တန်၍ အိမ်ထောင်ချပေးမည်ဆိုလျှင် မျိုးရိုးကို စစ်ဆေးကြသည်။ စာရိတ္တကောင်း၊ မကောင်းကို စုံစမ်းကြသည်။ လူငယ်တစ်ယောက်အတွက် မျိုးရိုးနှင့် စာရိတ္တသည် အရေးအကြီးဆုံးဖြစ်သည်။

လူဆိုသည်မှာ မိမိတွင် မကောင်းသောအကျင့်ရှိလျှင် ပေါ်လွင်အောင်မပြဘဲ ဖုံးထားကြသည်။ လူတို့၏အတွင်းစိတ်ကို သိရခဲသည်။ အရေးကြုံမှသာ အကျင့်ကောင်း၊ မကောင်းပေါ်လာတတ်သည်။ တစ်ခါက တက္ကသိုလ်ဒိသာပါမောက္ခဆရာသည် တပည့်သုံးယောက်အား အဖိုးတန်ပစ္စည်းတစ်ခုကို မိမိအိမ်မှ ခိုးလာရမည်။ ထိုသူကို သမီးနှင့် ပေးစားမည်ဟု ဆရာကဆိုသည်။ တစ်ယောက်သောတပည့်က ဆရာ၏ သမီးကိုရဖို့အတွက် မကြိုးစားပါ။ မယားရဖို့ မကောင်းသောအလုပ်ကို မလုပ်နိုင်ဟုဆိုကာ ဘာပစ္စည်းမှ ယူမလာပါ။ ထိုအခါဆရာက မင်းတို့စာရိတ္တကို ငါစမ်းတာဖြစ်ကြောင်းပြောပြသည်။ ဒီလိုလူမျိုးကိုမှ ငါသဘောတူတာဟုဆိုကာ ပစ္စည်းယူမလာသောတပည့်ကို သူ့သမီးနှင့် ပေးစားခဲ့သည်။ ထို့ကြောင့် လူငယ်တစ်ယောက်သည် တကယ်စာရိတ္တ ခိုင်၊ မခိုင် ငွေနှင့်တွေ့မှ မိန်းမနှင့်တွေ့မှ အမှန်တကယ်သိရသည်။ လူငယ်တို့၏ အကျင့်စာရိတ္တပျိုးထောင်ရေးသည် အဓိက ကျလှပါသည်။

လူငယ်များအား စာရိတ္တပျိုးထောင်ရာတွင် ရှေးက ဘုန်းကြီးကျောင်းပညာသင်ကြားရေးသည် အလွန်အကျိုးများ ထိရောက်သည်ဟု ထင်ရသည်။ ဘုန်းကြီးကျောင်းရောက်သည်နှင့် တစ်ပြိုင်နက် ဘုရားစာအရင်သင်ရသည်။ သင်ပုန်းကြီးစသင်ကြားရပြီး ၅၅၀ ဇာတ်၊ လောကနီတိ ဆုံးမစာအမျိုးမျိုးကို သင်ကြားရသည်။ ဆုံးမစာများ၏ သဘောအချုပ်သည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို ယဉ်ကျေးအောင် ဦးတည်သည်ချည်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်တွင် လူမှုရေးဦးတည်ချက်တွင်ပါဝင်သည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ လူငယ်တို့၏ အကျင့်စာရိတ္တပျိုးထောင်ရေးအတွက် အထောက်အကူအဖြစ် ပါဝင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၉**

နေပြည်တော်တွင် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်နေ့အထိ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကိုယ်ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲအား ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုကာယဗလနှင့် ကာယကြံ့ခိုင်မှု အသင်းပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ အမျိုးသားအားကစားပွဲတော်အတွက် တိုင်းလက်ရွေးစင်များ ရွေးချယ်ပွဲအဖြစ် မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ဗထူးအားကစားခန်းမတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ယင်းပြိုင်ပွဲသို့ GYM CLUB များမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီ အတွင်းရေးမှူး ဦးထွန်းလှိုင် ဖုန်း ၀၉-၄၄၄၀၂၀၈၀၂ ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အားကစားကို ချစ်မြတ်နိုးသော စပွန်ဆာများလည်း ပိုင်းဝန်းပါဝင်ကူညီကြပါရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။



(အပေါ်ပုံ)

**တင်မောင်(မန္တလေး)**

## စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မိုးနဲ အောက်တိုဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်လင်ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးအသိပညာဗဟုသုတများရရှိစေရန်နှင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောခြင်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။



ပထမဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုး၊ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

(ဝဲပုံ)

ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများက လမ်းဆုံများတွင် အမှိုက်ပုံးများ ထားရှိရန်၊ အမှိုက်ကင်းစင်ရေးဗီနိုင်းများ စိုက်ထူထားနိုင်ရေးနှင့် လစဉ်၊ အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေး ဆောင်ရွက်မယ့် အစီအစဉ်များကို ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအသိပညာပေးခြင်းအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသား စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြပြီး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဦးဆောင်ကော်မတီ ၇ ဦးကိုလည်း အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

## VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**တောင်ကြီး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ဖြင့် နမ့်ဟူးကျေးရွာအုပ်စု၊ နားယောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့် အတူ နားယောင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

နားယောင်းကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅၄ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၂၁ ဒသမ ၅၄ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလ စတုတ္ထအပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



(အောက်ပုံ)

**စိန်လွင်(ကျေးလက်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

* ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

### ကပြယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် Plenary Hall ၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာအကအဖွဲ့များက တိုင်းရင်းသားနှင့် ကျေးလက် ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေသည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ်ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်နေမှုများကို အားပေးကြည့်ရှုကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယှဉ်ပြိုင်ကပြမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ရိုးရာအကအဖွဲ့က ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။




တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲတွင် ကချင်ပြည်နယ် ကိုယ်စားပြု ရိုးရာအကအဖွဲ့က ကပြယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။






ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ဝါသနာရှင်အဆင့် (ပထမတန်း) ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု "ရွှေဖားစည်သံအောင်နန်းစံ" ရုပ်စုံသဘင်အဖွဲ့က တင်ဆက်ကပြ ယှဉ်ပြိုင်စဉ်။

စာမျက်နှာ ၂၄ မှ

**အမျိုးသားပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ညင်းညင်း"(မွန်) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွှတ်တန်းအဆင့် အတီးပြိုင်ပွဲ**

**တိုင်းရင်းသားတို့၏ ရိုးရာတူရိယာ အလွှတ်တန်းအဆင့် အတီးပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ မွန်ရိုးရာတူရိယာအဖွဲ့၊ ကချင်ရိုးရာတူရိယာဂီတသံစဉ်အဖွဲ့၊ ရခိုင်ရိုးရာတူရိယာအဖွဲ့၊ ကရင်ရိုးရာတူရိယာအဖွဲ့၊ ချင်းရိုးရာတူရိယာအဖွဲ့၊ ရှမ်းရိုးရာတူရိယာအဖွဲ့နှင့် ကယားရိုးရာတူရိယာအဖွဲ့တို့က မိမိတို့၏ ရိုးရာဓလေ့စရိုက်များ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်ထောင်စုစိတ်ဓာတ်ကိုပေါ်လွင်စေမည့် အဆို၊ အကများနှင့်အတူ မြိုင်ဆိုင်လှသည့် တီးလုံးတီးကွက်များ ပေါင်းစပ်၍ လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**

**ပတ္တလားအတီးပြိုင်ပွဲကို** အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခိုင်ပန်းစုံ" (ထပ်တွန့်ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ" (ဘွဲ့)သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြ သည်။

**ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ**

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်မြူး" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**

**ကွက်စိပ်ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း)** ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာသုတသောမဇာတ်တော်" ဖြင့် ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင်** "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် ကရင်ပြည်နယ်ကိုယ်စားပြု "ရွှေဖားစည်သံအောင်နန်းစံ" ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**

**ဇာတ်တော်ကြီးပြိုင်ပွဲကို** နေပြည်တော်စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင်** "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရွှေမင်းသားလေး ကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

**လာရောက်ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးအောင်ကျော်ဟိုး၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကြီး၏အရေးပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် ပထမတန်း(အမျိုးသား၊ အမျိုးသမီး)၊ ဝါသနာရှင်အဆင့် ဒုတိယတန်း (အမျိုးသား၊ အမျိုးသမီး)၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) (အမျိုးသား၊ အမျိုးသမီး) အဆင့်များ သတ်မှတ်၍ သတ်မှတ်ခေါင်းစဉ်အလိုက် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်လျက်ရှိသည်။

အတီးပြိုင်ပွဲများတွင် တစ်ဦးချင်းပြိုင်ပွဲများဖြစ်သည့် စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ ပလွေ၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲများနှင့် ဆိုင်းဝိုင်းကြီး အဖွဲ့လိုက်ပြိုင်ပွဲတို့အတွက် အဆင့်အလိုက် မဲကျရာ တေးသီချင်းများဖြင့် ယှဉ်ပြိုင်ကြရပြီး အိုးစည်၊ ဒိုးပတ်အဖွဲ့လိုက်ပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ယှဉ်ပြိုင်ကြသည်။ ထို့ပြင် ငွေရတုအထိမ်းအမှတ်အဖြစ် ပြည်နယ်တစ်ခုလျှင် ကြာမြင့်ချိန် အနည်းဆုံး ၅ မိနစ်မှ ၈ မိနစ်ထက်မပိုသော တိုင်းရင်းသားရိုးရာတူရိယာများဖြင့် လက်စွမ်းပြဖျော်ဖြေတင်ဆက်ကြကြောင်း သတင်းရရှိသည်။





ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တာဝန်ရှိသူများက ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ဇာတ်တော်ကြီးပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရွှေမင်းသားလေး ကောင်းစစ်ဟိန်း ဇာတ်သဘင်အဖွဲ့၏ ဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

## အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုပါကြောင်း ဆွေးနွေးလျှောက်ထား

**ရန်ကုန် အောက်တိုဘာ ၁၉**

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့မင်းကျောင်း ပထမ ပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးအေးထွန်းနှင့် ဗုဒ္ဓ ဘာသာ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နင်းဘိုမြို့၌ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓ ဘာသာဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ သို့ ပြန်လည်ရောက်ရှိသည်။

**ဖိုရမ်တက်ရောက်**

နိုင်ငံတော်သံဃမဟာနာယ ကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓ ဘာသာကိုယ်စားလှယ်အဖွဲ့နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း တို့သည် အောက်တိုဘာ ၁၅ ရက် မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကျဲ့ကျန်းပြည်နယ်၊ နင်းဘိုမြို့၊ ရွှယ်တုံးတောင်၌ ကျင်းပြုလုပ်သည့် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ဖိုရမ်သို့တက် ရောက်ပြီး(ယာပုံ) ခရီးစဉ်အတွင်း Howard Johnson ဟိုတယ် ဧည့်ခန်းမ၌ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော်ကြီး များသည် The Buddhist Association of China ၏ ဥက္ကဋ္ဌ ဆရာတော် Yan Jue အမှူးပြု သော ဆရာတော်ကြီးများနှင့် တွေ့ဆုံခဲ့သည်။(အောက်ပုံ)



**ဆွေးနွေးလျှောက်ထား**

အဆိုပါ တွေ့ဆုံပွဲတွင် The Buddhist Association of China ဥက္ကဋ္ဌဆရာတော် Yan Jue က နောင်တွင် မြန်မာနိုင်ငံနှင့် တရုတ် နိုင်ငံအကြား ဗုဒ္ဓဘာသာဆိုင်ရာ ဆွေးနွေးပွဲများ ကောင်းမွန်စွာ ကျင်းပနိုင်ရေး စီစဉ်သွားမည်ဖြစ် ကြောင်း၊ ယခု ဗုဒ္ဓဘာသာဖိုရမ်သို့ ကြွရောက်လာသော ဥက္ကဋ္ဌဆရာ တော်ကြီးနှင့် အဖွဲ့ဝင် ဆရာတော် များအားလုံး စိတ်ချမ်းသာ၊ ကိုယ် ကျန်းမာပြီး အတွေ့အကြုံ ကောင်းများ ပြည့်ပြည့်ဝဝရယူနိုင် ကြပါစေကြောင်း ဆွေးနွေး ပြောကြားခဲ့ပြီး နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသက တရုတ်နိုင်ငံတွင် ယခုလို ဗုဒ္ဓဘာသာနှင့် ပတ်သက် သော အစည်းအဝေးကြီးအား ဗုဒ္ဓ ဘာသာဝင်ပုဂ္ဂိုလ်များ စုပေါင်းပြီး ညီညီညွတ်ညွတ် ပြုလုပ်ခြင်းသည် မိမိတို့ ဗုဒ္ဓဘာသာအတွက် တိုးတက်ကြီးပွားကြောင်း ဖြစ် သည့် အကြောင်းတရား တစ်ခုဖြစ် ကြောင်း၊ အခါအခွင့်သင့်ပါက တရုတ်နိုင်ငံမှ စွယ်တော်မြတ်အား မြန်မာနိုင်ငံသို့ ပင့်ဆောင်လိုပါ ကြောင်း ဆွေးနွေးလျှောက်ထား သည်။

**ဆက်ကပ်လှူဒါန်း**

တွေ့ဆုံပွဲအပြီးတွင် ဒုတိယ ဝန်ကြီးသည် The Buddhist Association of China ၏ ဥက္ကဋ္ဌ ဆရာတော် Yan Jue အမှူးပြု သော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၈ ရက်၌ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ တွင် China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Luo Yu Hai ၊ Southern China Association for International Friendly Contact ဒုတိယဥက္ကဋ္ဌ Mr. Liu Xiao Ming ၊ Yunnan Association for International Friendly Contact ဥက္ကဋ္ဌ Mr. Chen Tao နှင့် တွေ့ဆုံ၍ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင် ရွက်နိုင်ရေးအတွက် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချာလီသန်း သည် အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး၌ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင်များ နှင့် တွေ့ဆုံ၍ ရတနာပုံစက်မှု ဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စ ရပ်များ၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆောင်ရွက်နေမှု၊ ဝါကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှု အခြေ အနေတို့ကို ရှင်းလင်းဆွေးနွေး သည်။

ဆက်လက်၍ တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က တိုင်းဒေသ ကြီးအတွင်း စားသုံးဆီ ဖူလုံရေး အတွက် ဆီထွက်သီးနှံများကို ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ဆောင်ရွက်နေမှု၊ ဝါကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်နေမှု၊ ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ် စက်အား နေရောင်ခြည် စွမ်းအင် ဖြင့် လည်ပတ်နိုင်ရေး ဆောင်ရွက် နေမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး MSME များ ဖွံ့ဖြိုး တိုးတက်ရေး၊ စက်မှုဇုန်များ စနစ်တကျ ဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် မန္တလေးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ အား မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာနရုံး၌ တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် လုပ်ငန်း တာဝန်များ ဆောင်ရွက်နေသည့် အပေါ် ပြန်လည်သုံးသပ်၍ အားနည်းချက်များ တွေ့ရှိပါက အမြန်ဆုံးပြုပြင် ဆောင်ရွက်ရ မည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအား ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်သည်။

အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် အမှတ် (၂) စက်မှု သင်တန်းကျောင်း (မန္တလေး)သို့ ရောက်ရှိပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ နည်းပညာပံ့ပိုးမှု ဖြင့် အထည်ချုပ်သင်တန်းကျောင်း များဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး သင်တန်းများ အား အစီအမံများ စနစ်တကျ ရေးဆွဲဆောင်ရွက်ရန် မှာကြား သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးသည် နို့ချက်စက်ရုံ တည်ဆောက်နိုင်ရေး အတွက် နည်းပညာပံ့ပိုးပေးရန် တင်ပြချက် အရ ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိ ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ဖြည့် ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြား ပြီး ဒီဇင်ဘာခြံမှ ထုတ်ကုန် ပစ္စည်းများကို အားပေးကြည့်ရှု သည်။



ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် သုတေသနဌာနခွဲ (ပြင်ဦးလွင်)သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များ မှထုတ်လုပ်သောစားသောက်ကုန် များကို စမ်းသပ်စစ်ဆေးပေးနိုင် ရေးအတွက် ဓာတ်ခွဲခန်းဖွင့်လှစ် ရန် အဆောက်အဦများအား ပြင်ဆင်ဆောင်ရွက်နေမှု အခြေ အနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် မြစ်သားမြို့ရှိ အမှတ်(၇)အထည် စက်ရုံ (မြစ်သား) သို့ ရောက်ရှိ ပြီး အစည်းအဝေးခန်းမ၌ ကျောက်ဆည် စက်မှုနယ်မြေမှ စက်ရုံမှူးများ၊ အမှတ်(၇)အထည် စက်ရုံ(မြစ်သား)မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး မွန်းလွဲပိုင်းတွင် ရမည်းသင်းမြို့ရှိ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း)၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာ စနစ်ဖြင့် ဆီထွက်သီးနှံများအား ကြိတ်ခွဲနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။(အပေါ်ပုံ)

သတင်းစဉ်



# စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်စေဖို့

မောင်မောင်စွယ်စုံထွန်း



ယခုတလော Social Media များတွင် မီးခဏခဏ ပျက်သည့်အပေါ် ပြည်သူအချို့က ယခင်ကလို "LNG သင်္ဘောကြီးခေါ်ပြီး လျှပ်စစ်ဓာတ်အားထုတ်ပါလား" စသည်ဖြင့် LNG (Liquefied Natural Gas) ဈေးနှုန်းကို ထည့်မစဉ်းစားဘဲ ပြောနေကြသံများကို ကြားရသဖြင့် ဓာတ်အားထုတ်လုပ်ရာတွင် အချိုးကျကျ ထုတ်လုပ်ရသည့် Generation Mix အကြောင်းကိုရှင်းပြရန် လိုအပ်လာသည်ဟုယူဆမိပါ၍ ရှင်းလင်းတင်ပြ ရခြင်းဖြစ်ပါသည်။ ပြည်သူအများစုအနေဖြင့် ဓာတ်အားထုတ် လုပ်နိုင်မှုပြည့်စုံတည်ငြိမ်မှုရှိမှသာ လျှပ်စစ်မီးကို တောက်လျှောက်ဆက်တိုက်ပေး၍ရမည်ဆိုသည်ကို နားမလည်ကြသလို လက်ခံလိုကြခြင်းလည်း မရှိကြပါ။ နားလည်လက်ခံကြသည်မှာ သူတို့နေအိမ်နှင့် အလုပ်ရုံများတွင် မီတာခလည်းမတက် လျှပ်စစ်မီး လည်းပြတ်တောက်မှုမရှိဘဲ အမြဲမပြတ်ရရှိနေရေးသာ ဖြစ်နေ ပါသည်။ ထို့ကြောင့် လျှပ်စစ်မီး ခဏခဏမပြတ်အောင် ဆောင် ရွက်ရာတွင် အလွန်အရေးကြီးလှသော အချက်တစ်ချက်ဖြစ်သည့် ဓာတ်အားထုတ်လုပ်သည့်စက်ရုံများ အချိုးညီစွာဖြင့် တည်ဆောက်ထုတ်လုပ်သွားနိုင်ရေး (Generation Mix)ကို ဗဟုသုတအနေဖြင့် သိရှိနိုင်ကြစေရန် ယခုဆောင်းပါးအား ရေးသားတင်ပြလိုက်ရခြင်းလည်း ဖြစ်ပါသည်။

Generation Mix ဆိုသည်မှာ မတူညီသည့် စွမ်းအင်အမျိုးအစား (ဥပမာ ရေအား၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည် စသည်ဖြင့်) အသုံးပြုလျက် လျှပ်စစ်ထုတ်လုပ်သည့် ဓာတ်အားထုတ်လုပ်စက်အမျိုးမျိုးမှ လျှပ်စစ်ကို အချိုးကျ ထုတ်လုပ်ရောနှောပြီး ထွက်ရှိလာသည့် လျှပ်စစ်များကို ကွန်ရက်ချိတ်ဆက်၍ မီးသုံးသူများထံသို့ ဓာတ်အားသယ်ယူပို့လွှတ်ဖြန့်ဖြူးပေးခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ နိုင်ငံတစ်နိုင်ငံအနေ ဖြင့် မိမိနိုင်ငံတွင်ရှိသည့် သယံဇာတအရင်းအမြစ်များ စွမ်းအင်အရင်းအမြစ်များ၊ ငွေကြေးအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်မှုအပေါ်တွင် မူတည်၍ မိမိနိုင်ငံနှင့်လျော်ညီသည့် ပြည်သူများလက်ခံနိုင်စွမ်းရှိသော မီတာခနှုန်းထားနှင့်ကိုက်ညီသည့် Generation Mix ကို ကြိုတင်စီမံချက်ရေးဆွဲလျက် ခိုင်ခိုင်မာမာအတည်ပြုပြီးနောက် အဆိုပါ Generation Mix အချိုးအတိုင်း အနီးစပ်ဆုံး ရောက်ရှိအောင် နှစ်စဉ်စီမံကိန်းများ ချမှတ်တည်ဆောက်လျက် ထုတ်လုပ်မှုအပိုင်းကို ဆောင်ရွက်ကြရပါသည်။

၂၀၁၅ ခုနှစ်က JICA အကူအညီဖြင့် ဂျပန်နှင့်မြန်မာပညာရှင်များမှ မြန်မာနိုင်ငံအတွက် တစ်နှစ်ပတ်လုံး မီးမှန်မှန်ပေးနိုင်စေမည့် Generation Mix အတွက် ၂၀၃၀ ပြည့်နှစ် အထိ Master Plan တစ်ခုကို ရေးဆွဲထားခဲ့ဖူးသည်။ ယင်း Master Plan အရ ၂၀၂၄ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတွက် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် မည်မျှရှိရမည်ဖြစ်သည်ဟု အချိုးကျရေးဆွဲပါရှိခဲ့ပြီးဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် အဆိုပါ Plan အတိုင်း တည်ဆောက်ထုတ်လုပ်နိုင်ခဲ့ခြင်းမရှိဘဲ လက်ရှိတွင် နေ့စဉ်ပျမ်းမျှအားဖြင့် လျှပ်စစ်ထုတ်လုပ်မှုအချိုးသည် သဘာဝဓာတ်ငွေ့နှင့် အခြားက ၅၅ ရာခိုင်နှုန်းဖြစ်ပြီး၊ ရေအား က ၄၅ ရာခိုင်နှုန်းခန့် ဖြစ်ပေါ်နေသေးရာ Generation Mix အားနည်းချက်ဆက်လက်ဖြစ်ပေါ်ပြီး နွေရာသီရေလျော့တမံနှင့် မြစ်ချောင်းများရေနည်းချိန် ပြည်သူများ ဓာတ်အားလိုအပ်ချက်များလာချိန်များတွင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားရရှိရေး အတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါသည်။

၂၀၁၅ ခုနှစ်နောက်ပိုင်းကာလများတွင် လွတ်လပ်သည့်ဓာတ်အားထုတ်လုပ်သူ (Independent Power Producer-IPP) ကုမ္ပဏီများနှင့် LNG သင်္ဘောများဖြင့် လျှပ်စစ်ထုတ်လုပ်ပေးနိုင်ခဲ့သဖြင့် Load တည်ငြိမ်မှု ရရှိခဲ့၍ ဓာတ်အားပြတ်တောက်မှုနည်းပါးခဲ့ပါသည်။ သို့သော် ၂၀၂၁ ခုနှစ် နောက်ပိုင်းကာလများတွင် ပြည်သူအချို့ထံမှဓာတ်အားခများ ကောက်ခံမရရှိခြင်း၊ ကိုဗစ်ကာလအလွန်နှင့် ယူကရိန်းစစ်ပွဲကြောင့် LNG ဈေးနှုန်းများ မြင့်မားလာခြင်းတို့ကြောင့် ဓာတ်အားဆက်လက် ထုတ်လုပ်နိုင်စွမ်းမရှိဘဲ သင်္ဘောကို ပြန်လည်ရုပ်သိမ်းသွားခဲ့သဖြင့် Load တည်ငြိမ်မှုကို ဆောင်ရွက်ရန် အခက်အခဲများ ပြန်လည်ဖြစ်ပေါ်လာခြင်း ဖြစ်ပါ သည်။ ထို့ပြင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ပေးနိုင်သည့် လောပိတ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားသယ်ယူသည့်မဟာဓာတ်လိုင်းတိုင်ကြီးများ ဖျက်ဆီးခံရခြင်း၊ ဓာတ်အားခွဲရုံနှင့်စက်ရုံများ ဖျက်ဆီးခံရခြင်း၊ ရတနာ သဘာဝဓာတ်ငွေ့မြေမှ ဓာတ်ငွေ့ထွက်ရှိမှု ကျဆင်းလာခြင်းတို့ကြောင့် ယခင်ထုတ်လုပ်နိုင်မှု၏ ထက်ဝက်ကျော်ခန့်သာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လျက်ရှိပါသည်။

သို့ဖြစ်ရာ Generation Mix တွင် ရေအားစက်ရုံများသည်သာ အဓိက မောင်းနှင်အား ပြန်လည်ဖြစ်ပေါ်လာခဲ့ပြီး နွေရာသီရေနည်းသည့်အချိန်တွင် ထုတ်လုပ်နိုင်မှုကျဆင်းလာသဖြင့် Generation Mix အချိုးကျထုတ်လုပ်နိုင်မှုမရှိခြင်းသည့် တည်ငြိမ်စွာဓာတ်အားပေးနိုင်မှုအပေါ် အကျိုးသက်ရောက်စေပြီး "လျှပ်စစ်မီးခဏခဏပျက်သည်"ဟူသော ပြည်သူတို့၏ အမြင်အား ဖြစ်ပေါ်လာစေခဲ့ခြင်းသာ ဖြစ်ပါသည်။

အဆိုပါ အခြေအနေများကို လွန်မြောက်နိုင်စေရန်နှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးညီလာခံများ၏ သဘောတူညီချက်များအရ လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံးမှ ပြည်သူအားလုံးသာတူညီမျှ ရရှိသုံးစွဲနိုင်ရေးအတွက် ရည်မှန်းချက်ထားကာ မူဝါဒအသစ်များ ချမှတ်ခဲ့ပြီးနောက် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့်သုံးစွဲရရှိနိုင်ရေးအတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး စီမံချက်အသစ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေး ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှု အစီအစဉ် (Nationally Determine Contribution –NDC) အရ Generation Mix Plan အသစ်တစ်ရပ်ကို ထပ်မံရေးဆွဲနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အတည်ပြုနိုင်ခဲ့ပါသည်။ အဆိုပါ Plan အသစ်အရ ၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်ပါဝင်မှု ၂၈ ရာခိုင်နှုန်း၊ ၅၁၅၆ မဂ္ဂါဝပ်၊ နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ပါဝင်မှု ၁၁ ရာခိုင်နှုန်း၊ ၂၀၀၀ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ ၊ ကျောက်မီးသွေးကဲ့သို့သော အခြားရုပ်ကြွင်းလောင်စာများနှင့် နျူကလီးယားစသည်တို့မှ ထွက်ရှိ သော စွမ်းအင်ပါဝင်မှု ၆၁ ရာခိုင်နှုန်း၊ ၁၁၀၀၀ မဂ္ဂါဝပ်ခန့် ပါဝင် လျာထားရေးဆွဲထားခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအခါ သုံးနှစ်တာကာလအတွင်း နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ရှစ်ရုံစုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အင်အား ၂၄၀ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်သဖြင့် လက်ရှိအချိန်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအား ၄၅ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၅၀ရာခိုင်နှုန်း၊ နေရောင်ခြည် ၃ ရာခိုင်နှုန်းနှင့် ကျောက်မီးသွေး ၂ ရာခိုင်နှုန်းတို့ဖြင့် လျှပ်စစ်ဓာတ်အားကို အချိုးကျ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ လက်ရှိအချိန်တွင် စွမ်းအားပြည့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် စက်ရုံနှင့် ဓာတ်အားလိုင်းများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားထိန်းညှိ ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုမှာ အများဆုံး ၃၀၀၀ မဂ္ဂါဝပ်ခန့်သာရှိရာ အနည်းဆုံးဓာတ်အား လိုအပ်ချက်မှာ ၄၂၀၀ မဂ္ဂါဝပ်ခန့်ဖြစ်၍ အများ ပြည်သူ မီးသုံးစွဲမှုများသော နံနက်ပိုင်းနှင့် ညနေပိုင်းအချိန်များတွင် ဓာတ်အား ၁၂၀၀ မဂ္ဂါဝပ်ခန့်ကို ဝန်အားထိန်းညှိလျှော့ချရခြင်းအား မဖြစ်မနေ လုပ်ဆောင်နေရခြင်းသာဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် မတ်လအထိ တစ်နိုင်ငံလုံးအိမ်ထောင်စု စုစုပေါင်း ၁၀ သန်းကျော်ရှိသည့်အနက် ခုနစ်သန်းကျော်အား လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရန် ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်၍ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှုအချိုးမှာ ယခုအခါ (၆၇ ဒသမ ၃၄ ရာခိုင်နှုန်း)သို့ ရောက်ရှိလာခဲ့ပြီလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထုတ်လုပ်မှုစရိတ်သက်သာ၍ တစ် ယူနစ်ဓာတ်အားခ ဈေးနှုန်းချိုသာစေသော ရေအားစက်ရုံများကို ထပ်မံတည်ဆောက်သွားရန် နေရာများစွာရှိသော်လည်း စီမံကိန်းအများစုမှာ လက်ရှိအချိန်တွင် ဆိုင်းငံ့ထားခြင်းများရှိနေသဖြင့် ရှေ့ဆက်မတိုးနိုင်သေးဘဲ ၇ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သေးပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကိုသာ ဦးစားပေးတည်ဆောက်နေရခြင်းဖြစ်ပါသည်။

ထိုသို့ ဓာတ်အားခများစွာ သက်သာစေပြီး သဘာဝအတိုင်းဖြစ်တည်နေခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်စီမံကိန်းများစက်ရုံများ တည်ဆောက်ထုတ်လုပ်ရန်မှာ အခက်အခဲများစွာဖြစ်နေခြင်းကလည်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် များစွာနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် အခက်အခဲများစွာကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ သို့ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများကို အလျင်အမြန် ပြီးစီးအောင် ကြိုးစားတည်ဆောက်လျက်ရှိရာ ရေအားလျှပ်စစ်စီမံကိန်းများသည် တည်ဆောက်ချိန် ရှစ်နှစ်မှ ၁၀ နှစ်ခန့် အနည်းဆုံးကြာမြင့်သဖြင့် နောင်လာမည့်နှစ်ကာလများ တွင် ယနေ့ကာလကဲ့သို့ မျိုးဆက်သစ်တို့အား ဒုက္ခမရောက်ကြ စေရန် ကြိုတင်၍ စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိနေ ခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအနီးရှိ ဘူတန်နိုင်ငံတွင် ရေအားအရင်းအမြစ်ထက်ဝက်နီးပါးခန့်ကို အသုံးချနိုင်ပြီး လက်ရှိ စက်တပ်ဆင် အင်အား ၁၆၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်သဖြင့် ပိုလျှံသော လျှပ်စစ်စွမ်းအင်ကို ပြည်ပသို့ရောင်းချနိုင်ပြီး ကြွယ်ဝချမ်းသာ လျက်ရှိသလို အိမ်နီးချင်းလော(လာအို)နိုင်ငံတွင်လည်း သဘာဝကပေးသည့် ရေအားအရင်းအမြစ် သုံးပုံနှစ်ပုံခန့်ကို အသုံးချနိုင်ခဲ့ပြီဖြစ်သဖြင့် လက်ရှိစက်တပ်ဆင်အင်အား ၁၈၀၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးနိုင်ခဲ့ရာ ပိုလျှံသော လျှပ်စစ်စွမ်းအင်ကို ပြည်ပသို့ ရောင်းချလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့်လည်း အရေးပေါ် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို လောနိုင်ငံမှ လျှပ်စစ် (၁၀၀၀) မဂ္ဂါဝပ်ခန့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ





## 28 Years Later ကို I Phone 15 နှင့် ရိုက်ကူးထား

အော်စကာဆုရှင် စီလီယံ မာဖိုင်၏ တတိယမြောက် 25 ရုပ်ရှင်သစ် 28 Years Later ကို Apple ကုမ္ပဏီထုတ်ရန်ဖြစ်သည့် I Phone 15 နှင့် ရိုက်ကူးထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာ ဒန်နီဘွိုင်လီ၊ ဇာတ်ညွှန်း အဲလက်စ်ဂါလန်တို့က 28 Years ကို ယခင်က 28 Day Later နှင့် 28 Week Later တို့ကို ရိုက်ကူးခဲ့ပြီး 28 Later ကို ဆက်လက်ရိုက်ကူးခဲ့ရာ I Phone 15 နှင့် ရိုက်ကူးပြီးစီး၍ ၂၀၂၅ ခုနှစ် ဇွန်လ ၂၀ တွင် ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အဆိုပါရိုက်ကူးမှုကို အိုင်ဖုန်း အမျိုးအစားတစ်ခုဖြစ်သည့် I Phone 15 Pro Max ကို အသုံးပြုရိုက်ကူးထားသည်ဟု Wired မဂ္ဂဇင်းတွင် ဖော်ပြထားရာ အချို့ပြကွက်များကို ကင်မရာအစစ်နှင့် ရိုက်ကူးထားသည်ဟု ရေးသားထားသည်။

ယင်း 28 Years Later ကို အပိုင်းနှစ်ပိုင်းခွဲ၍ ပြသမည်ဖြစ်ရာ 28 Years Later နှင့် 28 Years Later Port 11:The Bone Tem-ple ကို ဒါရိုက်တာ နီအာဒါကောစတာက ရိုက်ကူးပေးထားသည်။

(SKY)

## BTS မှ V ကို Nubia Magazine မှ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခံရ

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်းကို Nubia Magazine မှ Most Hand-some Man in the World for 2024 ၏ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခံရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့ကို ကမ္ဘာလုံးဆိုင်ရာ စစ်တမ်းများအရ နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ ထောက်ခံမဲ မဲခုနစ်သန်းကျော်ဖြင့် ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်းက ရရှိခဲ့ခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့အချောဆုံးအမျိုးသားအဖြစ် ရွေးချယ်ခံခဲ့ရသော ဗွီသည် Rege Jean Page၊ ဂျက်စတင်ဘီဘာ၊ ရောဘတ်ပါတီဆန်တို့ အပါအဝင် နိုင်ငံတကာကြယ်ပွင့်များကို ကျော်ဖြတ်၍ ရရှိခဲ့ခြင်း ဖြစ်သည်။

(SKY)



## Wang Lee Hom နှင့် မိတ်ဆွေသစ် ရရှိခဲ့ Greater Bay Area Concert အကြောင်းပြော

တရုတ်အနုပညာရှင် ဝမ်လီဟွမ်က အနုပညာရှင်များအနက် မိတ်ဆွေသစ်ရရှိခဲ့ပုံအကြောင်းကို အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်လီဟွမ်သည် အဆိုပါအင်တာဗျူးတွင် သူပါဝင်ထားသည့် Greater Bay Area Concert အကြောင်း ပြောကြားခဲ့ပြီး Our Song ရသစုံ အစီအစဉ်တွင် မိတ်ဆွေသစ် ရှောင်းကျန်နှင့် နကျဲတို့နှစ်ဦးကို သိရှိခဲ့ပြီး သုံးဦးသားခင်မင်မှုကို ပြောကြားခဲ့သည်။

ဝမ်လီဟွမ်တို့ သုံးဦးမှာ ခင်မင်ရင်းနှီးခဲ့ကြသော်လည်း အနုပညာလုပ်ငန်းများ ကိုယ်စီနှင့် အချိန်မအားလပ်ကြ၍ တွေ့သည့်အခိုက် စကားပြောမကုန်နိုင် ဖြစ်ခဲ့ကြကာ နှစ်များစွာကြာသော်လည်း ခင်မင်ရင်းနှီးမှုခိုင်မာနေဆဲဖြစ်သည်ဟု ထပ်ဆင့်ပြောကြားခဲ့သည်။

အဆိုပါပွဲတွင် သူတို့နှစ်ဦး ပြန်လည်တွေ့ဆုံခဲ့ကြပြီး လူမှုကွန်ရက်ဝိန်ဘိုတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် Follow ခဲ့ကြသည်ကို တွေ့ကြရသည်။

(SKY)





## ဈေးနှုန်းချိုသာသော စားသုံးမှုပုံစံဖြင့် နှလုံးကျန်းမာရေးကောင်းမွန်စေနိုင်မည်

ယနေ့ကမ္ဘာတွင် နှလုံးကျန်းမာရေးချွတ်ယွင်းမှုသည် လူကိုသေစေနိုင်သော လူထုကျန်းမာရေးပြဿနာဖြစ်သည်ဟု ဆိုကြသည်။

နှလုံးထိခိုက်စေသည့် အဓိကအကြောင်းရင်းမှာ အဆီအဆိမ့်လွန်ကဲစွာစားသုံးခြင်းဖြစ်သည်ဟု ဆေးသိပ္ပံပညာရှင်များ လက်ခံအတည်ပြုထားကြသည်။

ကနေဒါနိုင်ငံမှ ပါမောက္ခဂါဘရီယဲလ်ဂီဆီနှင့် ပါမောက္ခကမီလာကမ်မဲလ်ဒူဝါတေတို့နှစ်ဦး၏ သုတေသနပြု လေ့လာချက်မှ မကြာသေးမီက ပေါ်ထွက်လာသောရလဒ်အရ ဈေးနှုန်းချိုသာသော စားသုံးမှုပုံစံဖြင့် နှလုံးကျန်းမာရေးကောင်းမွန်စေနိုင်မည်ဖြစ်ကြောင်း ကွန်ဗာဖေးရှင်းဂျာနယ်တွင် ဖော်ပြသည်။

အိမ်တွင် တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက်စိုက်ခင်း စိုက်ပျိုးကာ ထိုစိုက်ခင်းမှ စိုက်ပျိုးထွက်ရှိသော ဟင်းသီးဟင်းရွက်များကိုစားသုံးနိုင်သည်ဟုလည်း အဆိုပါသုတေသီပါမောက္ခနှစ်ဦးက အကြံပြုကြောင်း သိရသည်။

(SCI)



## Lee Min Ki ၏ Face Me ဇာတ်ကား ထွက်ရှိလာ

အနုပညာလောကမှ ပျောက်ကွယ်နေသည့် မင်းသား လီမင်ကီ ပါဝင်ထားသည့် Face Me ဇာတ်ကား နိုဝင်ဘာလတွင် ထွက်ရှိလာမည်ဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ လွန်ခဲ့သည့်နှစ်က ရိုက်ကူးထားပြီး လက်ခံထုတ်လွှင့်မည့် ကုမ္ပဏီက အရှုံးပေါ်ခဲ့၍ ရပ်တန့်ထားရာမှ ကေဘီအက်စ်ကယူ၍ ထုတ်လွှင့်ပေးခဲ့ခြင်း ဖြစ်သည်။

မျက်နှာခွဲစိတ်မှုနှင့်ပတ်သက်သည့် ဒုစရိုက်ကျူးလွန်သူကို ရဲနှင့် ဆရာဝန်တို့ ပူးပေါင်းဖော်ထုတ်ကြမည့် ဇာတ်လမ်းဖြစ်ကာ မင်းသား လီမင်ကင်းနှင့် မင်းသမီး ဟန်ဂျီဟွမ်တို့ အဓိကပါဝင်ထားကြပြီး အပိုင်း ၁၂ ပိုင်း ပါဝင်သည်။

ပရိသတ်အချစ်တော် ဟာသမင်းသား လီရိကွမ်းလည်း ပါဝင်ထား၍ ပရိသတ်များ ကြည့်ရှုရန် စောင့်မျှော်နေကြသည်။ (SKY)

## Flourished Peony ဒရမ်မာကား နှစ်ပိုင်းခွဲ ပြသမည်

တရုတ်အနုပညာလောကမှ ရိုက်ကူးပြီးစီးသွားပြီဖြစ်သည့် Flo-urished Peony ကို အပိုင်းနှစ်ပိုင်းခွဲ၍ ပြသမည်ဖြစ်ကာ ယောင်ဇီနှင့် လီရှန်တို့ ပါဝင်ထားကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်အနုပညာလောက ဥပဒေအရ တရုတ်ကားများအပိုင်း ၄၀ မကျော်ရစနစ်ကြောင့် ရိုက်ကူးရေးကြာရှည်ခဲ့သော အဆိုပါ ဒရမ်မာကားကို နှစ်ပိုင်းခွဲ၍ ပြသရမည် ဖြစ်သည်။

ပထမပိုင်းတွင် အပိုင်း ၄၀ ပါဝင်၍ ဒုတိယပိုင်းတွင် ၂၄ ပိုင်း ပါဝင်သဖြင့် အပိုင်းတစ်နှင့် နှစ်ကြား တစ်နှစ်ကြာ စောင့်ကြည့်ရမည် ဖြစ်သည်။

ပရိသတ်များက ယောင်ဇီနှင့် လီရှန်တို့ ပါဝင်ထား၍ စောင့်ကြည့်ရန် အားခဲထားကြပြီး Lost You Forever ကဲ့သို့ ဒုတိယပိုင်းကို အခန်းများမဖြတ်ရန် တောင်းဆိုထားကြသည်ဟု အနုပညာတာဝန်ခံတစ်ဦးက ပြောကြားထားသည်။

(SKY)




## Lana Del Rey မင်္ဂလာပွဲကို ချစ်သူနှင့်အတူ ကျင်းပ

ဟောလိဝုဒ်အနုပညာရှင် လာနာဒဲရေးက ချစ်သူ ဂျာရာမီဒူးဖရန့်နှင့် လူဝင်စီယာနာ မြစ်ဘေးတွင် မင်္ဂလာပွဲကျင်းပခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါမင်္ဂလာပွဲကို ချစ်သူနှင့်အတူ မိသားစုနှင့် နီးစပ်သူအချို့ကိုသာဖိတ်ကြားပြီး အကျဉ်းချုပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အတွက် ပရိသတ်ချီးကျူးထားကြသည်။

လာနာဒဲရေး၏ချစ်သူ ဂျာရာမီဒူးဖရန့်မှာ မိကျောင်းလိုက်မုဆိုးတစ်ဦးဖြစ်ပြီး ချစ်သူဖြစ်နေကြောင်း သတင်းများထွက်လာပြီး တစ်လအကြာတွင် လက်ထပ်ပွဲကျင်းပခဲ့ခြင်း ဖြစ်သည်။


ပရိသတ်များက လာနာဒဲရေးတို့ မင်္ဂလာပွဲကို ချီးကျူးဂုဏ်ပြုစကား ပြောကြားပေးခဲ့ကြသည်။ (SKY)

# ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီ တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာ

**ပေကျင်း အောက်တိုဘာ ၁၉**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီ အောက်တိုဘာ ၁၈ ရက်က တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းကို အိမ်ရှင်တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပေကျင်းမြို့တော်ရှိ အစိုးရဧည့်ရိပ်သာခန်းမတွင် လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



ထို့ပြင် အဆိုပါနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးအနေဖြင့် ယူကရိန်းအရေး၊ ဟောင်ကောင်အရေးနှင့် အခြားမျက်မှောက်ရေးရာများအကြောင်းကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

မိမိတို့နှစ်နိုင်ငံအနေဖြင့် လက်ရှိကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ပူးပေါင်းတုံ့ပြန်ဖြေရှင်းသွားကြရန် တိုက်တွန်းလိုကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားသည်။

တရုတ်ဒုတိယဝန်ကြီးချုပ် တင်းရွှေရှင်းကလည်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်လမ်မီကို လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အာရီဇိုးနားပြည်နယ် တပ်ဆွန်မြို့တွင် အောက်တိုဘာ ၁၈ ရက်က ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်အတွက် မဲဆွယ်စည်းရုံးပေးနေသော သမ္မတဟောင်း ဘားရက်အိုဘားမားကို တွေ့ရစဉ်။ **Mon**

# နိုင်ငံရေးမဟာမိတ်၊ လုပ်ငန်းရှင်အဲလက်စ်ဆတ်ဘ်ကို စက်မှုဝန်ကြီးအဖြစ် ဗင်နီဇွဲလားသမ္မတက ခန့်အပ်



**ကရာကတ်စ် အောက်တိုဘာ ၁၉**

နိုင်ငံရေးမဟာမိတ်၊ လုပ်ငန်းရှင်အဲလက်စ်ဆတ်ဘ်ကို စက်မှုဝန်ကြီးအဖြစ် ဗင်နီဇွဲလားသမ္မတ နီကိုလတ်စ်မာဒူရိုက ခန့်အပ်လိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ကျန်းမာရေးကြောင့် နုတ်ထွက်သွားသော စက်မှုဝန်ကြီးဟောင်း ပေဒရိုတယ်လီချီယာ၏ နေရာတွင် ၎င်းကို မိမိတို့ဗင်နီဇွဲလားအစိုးရအဖွဲ့၏ အဖွဲ့ဝင်ဝန်ကြီးအဖြစ် ခန့်အပ်လိုက်ကြောင်း သမ္မတ နီကိုလတ်စ်မာဒူရိုက အောက်တိုဘာ ၁၈ ရက်တွင် ထုတ်ဖော်ကြေညာခဲ့သည်။

ဩဂုတ်လတွင်ပြုလုပ်ခဲ့သော ဝန်ကြီးနေရာအပြောင်းအလဲ၏ နောက်ဆုံးအဆင့်ဖြစ်မည်ဟု ဗင်နီဇွဲလားအရေး စောင့်ကြည့်လေ့လာသူများက သုံးသပ်သည်။

ဆတ်ဘ်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက ပြုလုပ်ခဲ့သော အမေရိကန်-ဗင်နီဇွဲလား နှစ်နိုင်ငံအကျဉ်းသားအပြန်အလှန်လဲလှယ်ရေးအစီအစဉ်အရ အမေရိကန်အကျဉ်းထောင်မှ လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း သိရသည်။ **Mon**

0-0-0-0-0



# ကျူးဘားတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပြတ်တောက် စွမ်းအင်အရေးပေါ်အခြေအနေ ကြေညာရဖွယ်ရှိ

**ဟာဗားနား အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၈ ရက်က ကျူးဘားတစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့ရာ စွမ်းအင်အရေးပေါ်အခြေအနေ ကြေညာရဖွယ်ရှိနေပြီဟု စွမ်းအင်ဝန်ကြီးက ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသော အဓိကမဟာဓာတ်အားလိုင်းရှိ လျှပ်စစ်ဓာတ်အား ရုတ်တရက်ပြတ်တောက်သွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ကျူးဘားအစိုးရက အရန်လျှပ်စစ်ဓာတ်အားပေးစနစ် ကြိုတင်မထားရှိခဲ့သဖြင့် ယင်းပြဿနာကို ဖြေရှင်းရန်အခက်တွေ့နေပြီး အောက်တိုဘာ ၂၁ ရက်အထိ လျှပ်စစ်မီးပြန်ရရန် မသေချာသေးကြောင်း သိရသည်။ **Mon**

# ဟားမတ်စ်ခေါင်းဆောင် ကျဆုံးသွားခြင်းကြောင့် အပစ်အခတ်ရပ်စဲနိုင်သည်ဟု လွိုက်ဒ်အော်စတင် ယူဆ

**ဝါရှင်တန် အောက်တိုဘာ ၁၉**

ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါ ယခင်အပတ်က ကျဆုံးသွားခြင်းကြောင့် အစ္စရေးနှင့် ဟားမတ်စ်တို့အကြားတွင် အပစ်အခတ်ရပ်စဲရန် အကြောင်းဖန်လာနိုင်သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်ဒ်အော်စတင် ထင်မြင်ယူဆကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်းကျဆုံးသွားခြင်းသည် ဧရာမအတားအဆီးကြီးကို ဖယ်ရှားပစ်လိုက်ရာရောက်သည်ဟုလည်း ၎င်းက သုံးသပ်ပြောကြားသည်။

ဘယ်လ်ဂျီယမ်နိုင်ငံ ဘရပ်ဆဲလ်မြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ယင်းကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

စင်စစ်တွင် ကျဆုံးသွားသော ဟားမတ်စ်ခေါင်းဆောင် ယာယာဆင်ဝါသည် ဂါဇာစစ်ပွဲစတင်ဖြစ်ပွားစေခဲ့သည့် အစ္စရေးဘက်သို့ ကျူးကျော်တိုက်ခိုက်မှုနောက်ကွယ်မှ အဓိကကြိုးကိုင်စီမံခဲ့သူဖြစ်သည်။

၎င်းမရှိတော့လျှင် လားရာဘက်ပြောင်းလဲရန်အတွက် အခွင့်အလမ်းများရှိလာသည်မှာ သိသာထင်ရှားသည်ဟု ကာကွယ်ရေးဝန်ကြီး လွိုက်ဒ်အော်စတင်က ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**



# တိုကျိုရှိ ဂျပန်အာဏာရ အယ်လ်ဒီပီပါတီရုံးချုပ် မီးလောင်ဗုံးပစ်ခတ်မှုဖြစ်ပွား၊ သံသယရှိသူ ဖမ်းဆီးခံရ

**တိုကျို အောက်တိုဘာ ၁၉**

ဂျပန်နိုင်ငံ တိုကျိုမြို့တော်ရှိ အာဏာရ အယ်လ်ဒီပီပါတီရုံးချုပ်၌ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မီးလောင်ဗုံးပစ်ခတ်မှုဖြစ်ပွားရာ သံသယရှိသူဖမ်းဆီးခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဓိကသံသယရှိသူက မီးလောင်ဗုံးများပစ်အပြီးတွင် အခင်းဖြစ်နေရာရှိ ခြံစည်းရိုးကို ၎င်း၏ကားဖြင့်ဝင်တိုက်မိကာ ရပ်တန့်သွားစဉ် အဖမ်းခံရခြင်း ဖြစ်သည်။

၎င်းပစ်သောမီးလောင်ဗုံးများကြောင့် မည်သူမျှသေဆုံးဒဏ်ရာရမှု မဖြစ်ပွားခဲ့ကြောင်း ဂျပန်သတင်းမီဒီယာများတွင် ဆက်လက်ဖော်ပြသည်။

၎င်းကို မိမိတို့စစ်ဆေးနေဆဲဖြစ်ပြီး မည်သည့်အကြောင်းကြောင့် မီးလောင်ဗုံးပစ်ခတ်မှုကျူးလွန်သည်ကို မသိရသေးကြောင်း တိုကျိုရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

လာမည့်အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပရန်စီစဉ်ထားသော ဂျပန်ပါလီမန်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်အရွေးခံမည့်သူအချို့သည် အယ်လ်ဒီပီပါတီကို ကိုယ်စားမပြုဘဲ တသီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်ရန် နာမည်စာရင်းပေးထားကြောင်း သိရသည်။ **Mon**



**STOP AIDS**

# ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတစ်နေရာ၌ အစ္စရေးဘက်ကတိုက်ခိုက် အရပ်သား ၃၃ ဦး သေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၁၉**

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းတစ်နေရာ၌ အောက်တိုဘာ ၁၈ ရက်တွင် အစ္စရေးဘက်က တိုက်ခိုက်သဖြင့် အရပ်သား ၃၃ ဦး သေဆုံးသည်ဟု ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် အခြားကမ္ဘာ့နိုင်ငံအချို့က ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရန်လိုလားနေသော်လည်း ဟားမတ်စ်လက်ကျန်များကို ရှင်းလင်းရဦးမည်ဟု အစ္စရေးက ထုတ်ပြန်ကြေညာသည်။



ဟားမတ်စ်တို့သည် ပါလက်စတိုင်းဒုက္ခသည်စခန်းနှင့် ဆေးရုံများတွင် အရပ်သားများကိုအကာအကွယ်ယူကာ ခိုအောင်းနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပြင်ဦးလွင်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် မှုခင်းနှိမ်နင်းရေး ဌာနစိတ်မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် နယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ရပ်ကွက်ကြီး(၁)တွင် အမျိုးသားနှစ်ဦးအား မူးယစ်ဆေးဝါးများနှင့် ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၇ရက် ညနေပိုင်းက ပြင်ဦးလွင်ခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ် အေးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရအသိသက်သေများဖြင့် ရပ်ကွက်ကြီး(၁)၊ ရွှေမြင်တင်ဘုရားလမ်းတွင် စောင့်ဆိုင်းနေစဉ် နံပတ်မပါဆိုင်ကယ်မောင်းနှင်လာသူ မိုးဟိန်းထွန်းအား စစ်ဆေးရာမှ ဂျင်းအင်္ကျီအိတ်ကပ်အတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WYစာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ပါ တစ်ထုပ်အား သိမ်းဆည်းရမိခဲ့သည်။ **(အောက်ပုံ)**

ထို့အပြင် ပူးပေါင်းအဖွဲ့သည် မိုးဟိန်းထွန်း၏ ထွက်ဆိုချက်ဖြင့် မူးယစ်ဆေးဝါးများ ရောင်းချပေးသူ ရပ်ကွက်ကြီး(၁)၊ ရွှေမြင်တင်ဘုရားလမ်းနေ ချမ်းမြေ့အောင်ဆိုသူ၏ နေအိမ်အား ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးစဉ် ၎င်းအား နေအိမ်ရှေ့လမ်းပေါ်တွင် လမ်းလျှောက်လာသည်ကို တွေ့ရသဖြင့် ရှာဖွေရာ ဘောင်းဘီရှည်မျောကြိုးအတွင်း ပလတ်စတစ်အအေးစုပ် ဖြတ်စဖြင့် ထည့်လျက် WYစာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားတစ်ပြားအား တွေ့ရှိသဖြင့် အရေးယူခဲ့သည်။

အဆိုပါ WYစာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ မိုးဟိန်းထွန်း(၂၀)နှစ်၊ ချမ်းမြေ့အောင်(၃၀)နှစ် ဆိုသူတို့အား ပြင်ဦးလွင်မြို့မ၊ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (ဝ၅၇)



## ဂုဏ်မင်းအင်းကျေးရွာတွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

**ဇမ္ဗူသီရိ အောက်တိုဘာ ၁၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းအုပ်စု၊ ဂုဏ်မင်းအင်းကျေးရွာတွင် ယမန်နေ့ ည ၇နာရီအချိန်က နေအိမ်မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဂုဏ်မင်းအင်းကျေးရွာ၊ ရွာထိပ်ပိုင်းရှိ လူနေအိမ် အုတ်ညပ်၊ သွပ်မိုး၊ ထရံကာ နှစ်ထပ်အိမ်၌ နေအိမ်အပေါ်ထပ်ဘုရားစင်တွင် အောက်ခံခွက်မပါဘဲ ဖယောင်းတိုင်မီး ပူဇော်ရာမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း မီးလောင်မှုဖြစ်ပွားရာနေရာသို့ ဒက္ခိဏခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော် ဦးဆောင်၍ မီးငြိမ်းသတ်ခဲ့ရာ ၇နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် လူနေအိမ် ၇ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မုံရွာမြို့ သလ္လာရပ်တွင် နေအိမ်မီးလောင်

**မန္တလေး အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ သလ္လာ(၂)ရပ်ကွက်၊ မြသစ္စာလမ်းနှင့် ရွှေသို့လမ်းထောင့်ရှိနေအိမ်တွင် အောက်တိုဘာ ၁၈ရက် နံနက် ၇နာရီ ၅၃ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုသတင်းရသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ရေသယ်ယာဉ် ၂စီး၊ မုံရွာခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မုံရွာမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ် နှစ်စီး၊ ကျွဲကြီးအရန်မီးသတ်စခန်း၊ သလ္လာအရန်မီးသတ်စခန်း၊ ထန်းတောအရန်မီးသတ်စခန်း၊ စက်မှုဇုန်အရန်မီးသတ်စခန်း၊ အလုံနယ်မြေမီးသတ်စခန်း၊ အောင်ချမ်းသာအရန်မီးသတ်စခန်းနှင့် ဒေါနခြံအရန်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်နှင့် ရေသယ်ယာဉ်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၈နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(အောက်ပုံ)**(၁၉၄)






## မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေး Talk Showကို ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ရုပ်သံကျွမ်းကျင်(၃)ဒေါ်နန်းစီဖေါင်းတို့က မူးယစ်ဆေးဝါး အန္တရာယ် စုပေါင်းတိုက်ဖျက်အကြောင်းကို ဆွေးနွေးခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူးက မူးယစ်ဆေးဝါး ပြဿနာသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို ပျက်သုဉ်းအောင် ထိခိုက်ခြင်းသာမက အနာဂတ် လူ့ဘောင်လောက ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်စေနိုင်သဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိကြောင်းကို ဆွေးနွေးသည်။

ထို့နောက် ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖေါင်းက မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံများအားလုံးနှင့် သက်ဆိုင်သည့် အရေးကိစ္စဖြစ်ကြောင်း၊ လူသားမျိုးနွယ်များ၊ ဦးနှောက်နှင့် အသိဉာဏ်ပျက်စီးခြင်း၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဆုံးရှုံးပျက်စီးခြင်းတို့ ဖြစ်ပေါ်စေကြောင်းကိုဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၅၀၅)

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်ယန္တရား ယာဉ်အပိုပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော်အောက်တိုဘာ ၁၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိပြီး အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ရက်တွင် အရှေ့ဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၃လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုးနှင့် လူသုံးကုန်ပစ္စည်းတစ်မျိုးကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၉၃၄ တန်ကို သစ်တောဥပဒေအရ လည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက် လျက်ရှိသည်။

အောက်တိုဘာ ၁၅ရက်နှင့် ၁၈ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇မှုကိုဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိမှုများတွင် စက်ယန္တရားယာဉ်အပိုပစ္စည်းများ၊ တရားမဝင် တင်သွင်းပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ ရွှေဆွဲကြိုးများ အကြိမ်ကြိမ်လုယက်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားသုံးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ဖောက်ခွဲတိုက်ခိုက်မှုများ ကျူးလွန်ခြင်း၊ ခားပြမှု၊ လုယက်မှုနှင့် ဒုစရိုက်မှုများ ကျူးလွန်ခြင်းတို့ မဖြစ်ပေါ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်ခြင်း၊ ပိတ်ဆို့စစ်ဆေးရှာဖွေခြင်း၊ ရှောင်တခင်ဧည့်စာရင်း စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပွားခဲ့သည့် ပြစ်မှုများမှ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နေ့၊ ညမပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း လုယက်မှုများ အကြိမ်ကြိမ် ကျူးလွန်ခဲ့သူ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်း ရပ်ကွက်၊ ကျူးကျော်တဲနေသူများဖြစ်ကြသည့် ဇော်လင်းအောင် (ခ) မဲကြီး ၃၆ နှစ် (ဘ)ဦးဇော်ဝင်း ကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ ထွန်းတောက်လင်း(ခ) ဖက်တီး ၂၁ နှစ် (ဘ) ဦးဝင်းဆောင် ကို နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်ရှိ ၎င်း၏အဒေါ်ဖြစ်သူ နေအိမ်၌ လည်းကောင်း၊ သိန်းဝင်းအောင် (ခ) ဈေစောင်း ၁၉ နှစ် (ဘ) ဦးဇော်ဝင်း ကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ၎င်း၏ နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းအောင်(ခ)မဲကြီးပါ သုံးဦးတို့ကို စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင်(ခ)မဲကြီးနှင့် ထွန်းတောက်လင်း(ခ) ဖက်တီးတို့မှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း၌ စက်မှုဈေးတောင်ဘက်၊ (၂) လမ်းမြောက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ ငွေတော်ကျီကုန်းဈေး (၃) လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ (၅၇)လမ်း၊ မနော်ဟရီလမ်းအကွေ့တွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦး၊ (၅၃)လမ်း၊ မနော်ဟရီလမ်း တောင်ဘက်၊ (၂) လမ်းမြောက်တွင် စက်ဘီးစီးနင်းလာသည့် အမျိုးသားတစ်ဦး၊ လမ်း(၆၀)၊ (၁၃၁) လမ်း၊ စက်မှုဈေးမြောက်ဘက်တွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦး၊ (၅၈)လမ်း၊ (၁၀၆)လမ်းနှင့် (၁၀၇) လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် (၅၈) လမ်း၊ လမ်း(၃၀)နှင့် (၃၅) လမ်းကြားတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသား တစ်ဦးတို့ထံမှ **လုယက်မှု ခုနစ်ကြိမ်**၊ ဇူလိုင်လအတွင်း၌ (ဆ) ရပ်ကွက် အေးမေတ္တာဈေး၊ (၅၁) လမ်းနှင့် (၁၂၉) လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦး၊ (၆၂)လမ်းနှင့် (၁၂၀)လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးနှင့် စက်မှုပန်းခြံအကျော် (၃) လမ်းမြောက်၊ စွယ်တော်ကားကွင်းသွားသည့်လမ်းတွင် ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသားတစ်ဦးတို့ထံမှ **လုယက်မှု သုံးကြိမ်**၊ ဩဂုတ်လအတွင်း၌ လမ်း(၃၀) နှင့် (၆၃)လမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် (၁၀၇) လမ်း၊ (၅၅) လမ်းနှင့် (၅၆) လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီး တစ်ဦးတို့ထံမှ **လုယက်မှု နှစ်ကြိမ်**၊ စက်တင်ဘာလအတွင်း၌ (၆၂)လမ်းနှင့် (၆၃)လမ်းကြား မနော်ရဟီလမ်းတွင် လမ်းလျှောက်လာသည့် အမျိုးသားတစ်ဦးထံမှ **လုယက်မှု တစ်ကြိမ် စုစုပေါင်းလုယက်မှု ၁၃ ကြိမ်**ကို ထွန်းတောက်လင်း(ခ)ဖက်တီးမှ ဆိုင်ကယ်မောင်းနှင်ပြီး ဇော်လင်းအောင်(ခ)မဲကြီး က နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှု ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း။

သိန်းဝင်းအောင် (ခ) ဈေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့မှ ဩဂုတ်လအတွင်း၌ (၅၈) လမ်းနှင့် (၅၉)လမ်းကြား၊ (၁၃၂)လမ်းနှင့် (၁၃၃) လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီး တစ်ဦးထံမှ **လုယက်မှု တစ်ကြိမ်**၊ စက်တင်ဘာလ အတွင်း၌ (၅၈) လမ်းနှင့် (၅၉)လမ်းကြား၊ (၁၁၄) လမ်းနှင့် (၁၁၅) လမ်းကြားတွင် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးနှင့် အောင်ပင်လယ်ရပ်ကွက်၊ လမ်းမမှတ်မိတွင် ရေသန့်ဝယ်ယူနေသည့် အမျိုးသမီးတစ်ဦးတို့ထံမှ **လုယက်မှု နှစ်ကြိမ်**၊ **စုစုပေါင်းလုယက်မှု သုံးကြိမ်**ကို သိန်းဝင်းအောင် (ခ)ဈေစောင်း က ဆိုင်ကယ်မောင်းနှင်ပြီး ထွန်းတောက်လင်း (ခ) ဖက်တီးမှ နောက်မှထိုင်၍ လိုက်ပါကာ လမ်းသွားလမ်းလာပြည်သူများထံမှ ဆွဲကြိုးဖြတ်လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ဇော်လင်းအောင် (ခ) မဲကြီး၊ သိန်းဝင်းအောင် (ခ) ဈေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီးတို့ သုံးဦးသည် မန္တလေးမြို့ပေါ် ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများထံမှ **စုစုပေါင်းလုယက်မှု(၁၆) ကြိမ်**ကျူးလွန်ခဲ့ကြကြောင်းသိရှိရပြီး အဆိုပါလုယက်မှုများမှရရှိခဲ့သည့် သက်သေခံရွှေထည်ပစ္စည်းများအား ၎င်းတို့ထုခွဲရောင်းချခဲ့သည့် သက်ဆိုင်ရာနေရာအသီးသီးမှ သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်များတွင် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းသွားလမ်းလာပြည်သူများအား ဆိုင်ကယ်ဖြင့် နောက်မှလိုက်၍ လုယက်မှုကျူးလွန်ခဲ့ကြသူ တရားခံ ဇော်လင်းအောင်(ခ)မဲကြီး၊ သိန်းဝင်းအောင် (ခ) ဈေစောင်းနှင့် ထွန်းတောက်လင်း (ခ) ဖက်တီး တို့အား သက်ဆိုင်ရာရဲစခန်း အသီးသီးတွင် အမှုများဖွင့်လှစ်ထားရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ရပ်ရွာများအတွင်း အလားတူဒုစရိုက်မှုများ မဖြစ်ပွားစေရေးနှင့် ဒုစရိုက်သမားများ၏ လှုပ်ရှားဆောင်ရွက်မှု သတင်းများအား တွေ့ရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်



ဝဲမှယာ တရားခံ သိန်းဝင်းအောင် (ခ) ဈေစောင်း၊ ဇော်လင်းအောင် (ခ) မဲကြီး၊ ထွန်းတောက်လင်း(ခ) ဖက်တီး တို့ကို တွေ့ရစဉ်။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရားပုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းသပိတ်လောင်းလှူပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် ကြည်ညိုလောင်းလှူ ဘုရားဖူးလမ်းညွှန် Pagoda Digital Directory အားကြည့်ရှု

**မန္တလေး အောက်တိုဘာ ၁၉**

မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရား(၁၃၄)ကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲတော်နှင့် လေးပြင်လေးရပ်မှ ပင့်သံဃာအပါး ၂၇၀၀အား သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်စေတီတော်ရင်ပြင်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူးဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုလောင်းလှူကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားအား ဖူးမြော်ကြည်ညို၍ စေတီတော်အား လှည့်လည်ဖူးမြော်ကြပြီးနောက် ရင်ပြင်တော်အင်္ဂါထောင့်တွင် သံဃာ့ဒါနဆွမ်းသပိတ်များ လောင်းလှူကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအားဆွမ်းသပိတ်များ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြပြီး ရင်ပြင်တော်အင်္ဂါထောင့်နှင့် တောင်ဘက်စောင်းတန်းတို့တွင် လေးပြင်လေးရပ်မှ ပင့်သံဃာတော်များအား သံဃာ့ဒါန ဆွမ်းသပိတ်များ လောင်းလှူနေမှုများကို လိုက်လံကြည့်ရှုကြည်ညိုကြသည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားဂေါပကအဖွဲ့ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က မဟာလောကမာရဇိန် ကုသိုလ်တော် ဘုရားနှင့်နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားတို့တွင် တပ်ဆင်မည့် ဘုရားဖူးလမ်းညွှန် Pagoda Digital Directory ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**















သတင်း-စာမျက်နှာ ၁၂





## မဆေကဝတီလင်္ကာရနှင့် စာအောင်ဆုရသီလရှင် ဆရာလေးများ၊ လူပုဂ္ဂိုလ်များအား စာအောင်ဆုများ ဆက်ကပ်ချီးမြှင့်အပ်နှင်းပွဲ ကျင်းပ



**မြစ်ကြီးနား အောက်တိုဘာ ၁၉**

ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့၊ယုဇနရပ်ကွက်ရှိ သမိဒ္ဓေါဒယ သီလရှင်စာသင်တိုက်မှ မဇ္ဈိမာလင်္ကာရအကျော်ဘွဲ့၊ ပရိယတ္တိသဒ္ဓမ္မဇောသာသနာလင်္ကာရအကျော်ဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ ဝိနယမာမကဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့နှင့် အင်္ဂုတ္တရမာမကဘွဲ့တို့ရရှိတော်မူသည့် ဆရာလေး မဆေကဝတီလင်္ကာရနှင့် ၂၀၂၃- ၂၀၂၄ ခုနှစ်များတွင် ကျင်းပခဲ့သည့် အစိုးရပါဠိပထမပြန်၊ အစိုးရနိကာယ်စာမေးပွဲ (UNIVERSITY OF AB-HIDHAMMA) အဘိဓမ္မတက္ကသိုလ်၊အဘိဓမ္မဆေက(B,A) အဘိဓမ္မတက္ကသိုလ် မြစ်ကြီးနားဌာနခွဲတို့၌ စာအောင်ဆုရသီလရှင်ဆရာလေးများနှင့် လူပုဂ္ဂိုလ်များအား စာအောင်ဆုများ ချီးမြှင့်ပူဇော်ပွဲနှင့် ဆက်ကပ်အပ်နှင်းခြင်း အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ သီလရှင်ကျောင်းတိုက်အတွင်းရှိ ဓမ္မာရုံတော်ကြီးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကြွရောက်တော်မူလာသည့် သီလရှင်ဆရာကြီးဆရာလေးများနှင့် စာအောင်လူပုဂ္ဂိုလ်များ၊ အလှူရှင်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး ကြွရောက်တော်မူလာသည့် သီလရှင်ဆရာကြီး၊ဆရာလေးများ အလှူရှင်များ၊ စာအောင်ဆုရလူပုဂ္ဂိုလ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊အဖွဲ့ဝင် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် ခေမာသီဝံပရိယတ္တိစာသင်တိုက်မှ စာချကထိက အဂ္ဂမဟာပဏ္ဍိတ သ·စ·အ ပါဠိပါရဂူ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံမှ ကိုးပါးသီလတော်မြတ်ကို ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့၊ နန်းကွေ့ကျေးရွာ သမိဒ္ဓေါဒယ သီလရှင်ကျောင်းတိုက်တိုက်အုပ်ဆရာကြီးမှ ဘွဲ့တံဆိပ်တော် ခြောက်ခုရ သီလရှင် ဆရာလေး မဆေကဝတီလင်္ကာရ၏ အထုပ္ပတ္တိအကျဉ်းအား ဖတ်ကြားပြီး သမိဒ္ဓေါဒယသီလရှင်စာသင်တိုက် တိုက်အုပ်ဆရာကြီး ဒေါ်ကုမာရီမှ ကြွရောက်တော်မူလာသည့် ဆရာတော်ကြီးများနှင့် သီလရှင်ဆရာလေးများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး အဘိဓမ္မတက္ကသိုလ် မြစ်ကြီးနားဌာနခွဲ နာယက မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အမှတ် (၃၇၄)ဓမ္မရိပ်သာ ကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသြဘာသ(ဓမ္မာစရိယ)နှင့် တာဝန်ရှိသူများက စာအောင် ဆုရသီလရှင် ၇ ပါး၊ စာအောင်ဆုရရှိသူ လူပုဂ္ဂိုလ် ၇၆ဦးတို့အား တစ်ဦးချင်း စာအောင်ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြပြီး ဆရာတော်ဘဒ္ဒန္တသြဘာသ(ဓမ္မာစရိယ)မှ အနုမောဒနာတရားဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။**(အပေါင်ဝံပုံ)**

**(၄၄၄)**



## ကသာမြို့လုံးကျွတ် သံဃာ့မဟာပဝါရဏာပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကျင်းပ

**ကသာ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့လုံးကျွတ် သံဃာ့မဟာပဝါရဏာပွဲတော် နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကို ယမန်နေ့ မွန်းလွဲ ၂နာရီက လေးထပ်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ မြို့လုံးကျွတ်သံဃာ့မဟာပဝါရဏာပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်ရှိ အလှူရှင်များက ဆရာတော်၊သံဃာတော်အရှင်သူမြတ် အပါး ၃၂၁ပါးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကသာမြို့ လေးထပ်ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်ကြီးမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားတော်များ ဟောကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## ဒေါ်လာဈေးကျဆင်းမှုကြောင့် ပဲ၊ နှမ်းဈေးကွက်တွင် အရောင်းအဝယ်အေး

စက်တင်ဘာဒုတိယပတ်နောက်ပိုင်း ပြည်တွင်းငွေလဲလှယ်နှုန်းထားများအရ အမေရိကန်ဒေါ်လာဈေးဆက်တိုက် ကျဆင်းလာမှုကြောင့် ပဲနှမ်းဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း ပဲနှမ်းကုန်သည်များအသင်းဝင်တစ်ဦးက ပြောသည်။

စက်တင်ဘာလကဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ပို့ကုန်အမယ်များမှာ အဝယ်မရှိသလောက်နည်းပါးခဲ့ခြင်းသည်လည်း ဈေးကွက်အေးသည့် အကြောင်းတစ်ခု ဖြစ်သည်ဟု ဆိုသည်။

"ပြည်တွင်းက တင်ပို့တဲ့နိုင်ငံတချို့မှာ ရေကြီးရေလျှံဖြစ်စဉ်တွေ ရင်ဆိုင်ရတော့ အဝယ်နည်းသွားတယ်။ ဒီရက်ပိုင်းမှာလည်း အမေရိကန်ဒေါ်လာဈေး ကျဆင်းလာတယ်။ ဒေါ်လာဈေးကျလာတော့ အရင်က ဝယ်ထားတဲ့ ပို့ကုန်ပဲနှမ်းတွေက ဈေးမကိုက်ဖြစ်နေတယ်။ အဝယ်လည်း အေးသွားတာပေါ့"ဟု ၎င်းက ပြောသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ပေါက်ဈေးများအရ အောက်တိုဘာ ၁၁ ရက်က မတ်ပဲ(FAQ/RC)တစ်တန်လျှင် ငွေကျပ် ၃၈ သိန်း၊ မတ်ပဲ(SQ/RC)တစ်တန်လျှင် ငွေကျပ် ၄၂ သိန်းဝန်းကျင်နှင့် ပဲစင်းငုံနီ(RC)တစ်တန်လျှင် ငွေကျပ် သိန်း ၄၀ ဝန်းကျင် ဈေးဖွင့်ခဲ့သည်ဟု သိရသည်။

"အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးမှာ ပဲမျိုးစုံနဲ့ ပြောင်းတင်ပို့မှုက ဘဏ္ဍာနှစ်ပထမခြောက်လမှာ သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့နိုင်ခဲ့တယ်။ ကျန်တဲ့ ပို့ကုန်တစ်ခုချင်းစီကိုလည်း လျာထားချက်ထက် ပိုမိုအောင်တင်ပို့နိုင်ရေးဆောင်ရွက်သွားဖို့ ကြောင်းဆွေးနွေးခဲ့"သည်ဟု ဆိုသည်။

စက်တင်ဘာ ၂၁ ရက်မှာ မတ်ပဲ (FAQ/RC) တစ်တန်လျှင် ငွေကျပ် သိန်း ၄၀ ကျော်၊ မတ်ပဲ(SQ/RC)တစ်တန်လျှင် ငွေကျပ် ၄၄ သိန်းကျော်နှင့် ပဲစင်းငုံနီ(RC)တစ်တန်လျှင် ငွေကျပ် ၄၉ သိန်းထိ စံချိန်တင်မြင့်တက်ခဲ့ရာက ပြန်လည်ကျဆင်းလာခဲ့သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် နိုင်ငံတော်ဗဟိုဘဏ်မှ အမေရိကန်ဒေါ်လာနှင့် ဘတ်ငွေ(ထိုင်းငွေကြေး)တို့ကို FX Online Platform မှ ငွေလဲလှယ်ပေးနေကြောင်း၊ ပြည်တွင်းစိုက်ပျိုးတောင်သူများကိုလည်း သွင်းအားစုများကိုသင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချပေးကာ အချိန်မီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

*-*-*-*-*

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈)အနိုင်၊ အရှုံး NGB

| | | | | |
|---|---|---|---|---|
| ဘရက် | ၁ | - | ၁ | ရင်းနက်စ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)အနိုင်၊ အရှုံး NGB

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၂ | - | ၁ | ဖရန့်ဖတ် |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဘိုချမ် |
| ဖရိုင်းဘတ် | ၃ | - | ၁ | အော့စ်ဘတ် |
| မိန့်ဇ် | ၀ | - | ၂ | လိုက်ပဇစ် |
| ဂလာဘတ် | ၃ | - | ၂ | ဟိုင်ဒင်ဟိမ်း |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀)အနိုင်၊ အရှုံး NGB

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၄ | - | ၁ | အက်စ်ပန်ညို |
| အိုဆာဆူနာ | ၁ | - | ၂ | ဘက်တစ် |
| ဂျီနိုအာ | ၀ | - | ၁ | ဆိုစီဒက် |

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-ဂ)အနိုင်၊ အရှုံး NGB

| | | | | |
|---|---|---|---|---|
| ကိုမို | ၁ | - | ၁ | ပါးမား |
| ဂျီနိုအာ | ၂ | - | ၂ | ဘိုလော့ညာ |
| အေစီမီလန် | ၁ | - | ၀ | အူဒီးနိစ် |

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သဏ္ဍာရာဇ် များ (၉၂)

**သွယ်အောင်**

လူထုတိုက်သို့ ကျွန်တော်နှင့် ကိုကျော်စွာထက် ရောက်ရှိသောအခါ ကိုငြိမ်းချမ်း(ဆရာ ညီပုလေး)က ဆရာ ဝင်းစည်သူနှင့် သူ့ညီသည် တစ်ဦး ဝင်းလိုက်ရုပ်ရှင်ရုံရှေ့ရှိ 'မန်းမြို့တော်' လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေကြောင်း ပြောသဖြင့် ကျွန်တော်တို့ မန်းမြို့တော် လက်ဖက်ရည်ဆိုင်သို့ ဆက်လိုက်သွားကြသည်။

လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေသော ဆရာ ဝင်းစည်သူက ကျွန်တော့်ကို မြင်သည်နှင့် လက်ဖက်ရည်စားပွဲမှ ချက်ချင်း မတ်တပ်ရပ်ကာ ရုပ်ရှင်၊ ဇာတ်သဘင်ထဲမှ သရုပ်ဆောင်အမူအရာအတိုင်း လှုပ်ရှားပြီး ပါးစပ်ဖျားမှ စကားလုံးတွေ ပွင့်အန်ထွက်ကျလာသည်။

'ဟာ--- သွယ်အောင်---လာ--လာ--မင်းကို---ငါ---လက်ဖက်ရည်နဲ့ ဂုဏ်ပြုပါတယ်ကွာ။ ရုပ်ရှင်တေးကဗျာထဲက မင်းရေးတဲ့ ဆောင်းပါးဖတ်ပြီး မင်းကို ငါ---စိတ်မဆိုးပါဘူး'

ကျွန်တော်က ဆရာ ဝင်းစည်သူနှင့်ထိပ်တိုက်တွေ့ဆုံရသဖြင့် သူနှင့်စကားပြောရမည်ကို ကျွန်တော်ဝန်လေးနေမှန်း ရိပ်မိနေဟန်တူသည်။ ထို့ကြောင့် ကျွန်တော် အနေအထိုင် သက်သာစေရန် ကျွန်တော့်အား ရင်းနှီးပွင့်လင်းစွာဖြင့် လူကြီးလူကောင်းပီသစွာ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

ဆရာ ဝင်းစည်သူဆီမှ စကားသံများ ဆက်ကြားရတော့သည်။ စကားသံနှင့်အတူ သူ့ကိုယ်ခန္ဓာလှုပ်ရှားမှုကလည်း စင်တင်ပြဇာတ်တစ်ခု ကပြနေသလို လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းပြီး ရင်ဘတ်ကို ဖွင့်ကာ သရုပ်ဆောင်ပြနေသည်။

'---မင်းပစ်လိုက်တဲ့ ကျည်ဆံက---ငါ့ရင်ဘတ်ကို တည့်တည့်ကြီး မှန်ပါတယ်။ ငါ---အတော်ထိသွားပါတယ်။ မင်းတို့ကဗျာဆရာတွေကိုအထက်၊ အောက် မခွဲခြားတော့ပါဘူး။ မင်း---ကဗျာတွေ ဆက်ရေးပါကွာ---'ဟု ပြောပြီး ကျွန်တော့်အား လက်ဖက်ရည်တိုက်ပါသည်။

ထိုနေ့မှစ၍ ကျွန်တော်လည်း ဆရာ ဝင်းစည်သူအပေါ် ဒေါသမာန်မာနမထား၊ ပုဂ္ဂိုလ်ရေးမုန်းတီးမှုမရှိတော့ဘဲ ချစ်ခင်ရင်းနှီးစွာဖြင့် စာပေသင်ပုန်းချေခဲ့မိပါသည်။


ထိုစဉ်က ဆရာ ဝင်းစည်သူမှာ မြန်မာစာသင်ပြခြင်းကို ရပ်နားထားပြီး မြို့တော်သိန်းအောင်ဇာတ်တွင် 'ရွှေတံခါးကြီးဖွင့်ပါဦး' အစရှိသည့် ပြဇာတ်တို့ဖြင့် အောင်မြင်နေကာ တစ်ဖက်မှလည်း ဝတ္ထုတိုများ ရေးဖွဲ့ကာ စာအုပ်ထုတ်ဝေခြင်းဘက်သို့ အားစိုက်ဆောင်ရွက်လျက်ရှိနေသည်။

ဆရာ ဝင်းစည်သူကို ကျွန်တော် သတိထားမိသည်မှာ ဆရာမ နုနုရည်(အင်းဝ)၏ 'ရိုးပြာမြေဝယ်မြေ့စေတော့'ဝတ္ထုကို ဇာတ်ညွှန်းခွဲပြီး 'ပန်းသလားမေပျို' အမည်ဖြင့် ဇာတ်မင်းသားလေး သိန်းဇော်၏ ဇာတ်ပွဲတွင် စင်တင်ကပြခဲ့ခြင်းပင် ဖြစ်သည်။

လူထုပုံနှိပ်တိုက်လိပ်စာဖြင့် 'ထီးပေါင်းကား' စာပေမှ စာအုပ်အများဆုံးထွက်ရှိသူနှစ်ဦးမှာ ကိုကျော်စွာထက်နှင့် ဆရာ ဝင်းစည်သူနှစ်ဦးဖြစ်သည်။ ဆရာ ဝင်းစည်သူထွက်ရှိခဲ့သော စာအုပ်များမှာ 'ဆယ်နှစ်မျက်နှာ နာရီစင်' ဝတ္ထုတို(စုပေါင်း) 'ဝသုန္ဓရေလက်ရေး'ဝတ္ထုတို(စုပေါင်း)၊ 'လမင်းသို့ လိပ်စာလုံးချင်းဝတ္ထုရှည်၊ 'ဆယ့်နှစ်ပွဲဈေးသည်'(ဝတ္ထုတိုစု)၊ '၉၀ ဝန်းကျင်ဝတ္ထုတိုများ' ဖြစ်သည်။

ဆရာ ဝင်းစည်သူနှင့်ပတ်သက်ပြီး ဆရာ ကြည်လင်အေး(ကိုကျော်စိုးဝင်း)၏ မကြာသေးခင်ရက်ပိုင်းက လူမှုကွန်ရက်စာမျက်နှာပေါ်တွင် တင်ခဲ့သော Post ထဲမှ ကောက်နုတ်ချက်အချို့ကလည်း ဆရာ ဝင်းစည်သူကို ပြန်လည်၍ အမှတ်ရစေခဲ့သည်။

ကိုကျော်စိုးဝင်း၏ Face Book စာမျက်နှာတွင် ဆရာ ဝင်းစည်သူအကြောင်းကို ဤသို့ ရေးထား၏။ ဆရာ ဝင်းစည်သူကို ကနေ့စာဖတ်ပရိသတ်တချို့ သိကောင်းမှသိတော့မည်။ ဆရာ ကွယ်လွန်တော့ ၄၇ နှစ်သာရှိသေးသည်။ ဆရာ ဆုံးတော့ ၁၉၉၄။ ကွယ်လွန်တော့ နှစ် ၃၀ ပေါ့။ ဆရာ ဝင်းစည်သူလို ၁၉၄၇-၄၈ ခုနှစ်မွေးဖွားကြ




သူများသည် ယခုအချိန်တွင် စာပေအနုပညာနယ်ပယ်အသီးသီး၌ ဩဇာကြီးကြပြီး ဆရာ ဝင်းစည်သူက ငယ်ရွယ်စဉ်မှာ မြို့တော်သိန်းအောင်ဇာတ်ကြီး၏ စင်တင်ပြဇာတ်ဒါရိုက်တာ၊ အသက် ၄၀ ကျော် ၁၉၉၀ ဝန်းကျင်တွင် ထင်ရှားကျော်ကြားသော ဝတ္ထုတိုစာရေးဆရာဖြစ်နေခဲ့ပါသည်။

ဆရာ့ကို ၁၉၈၉ ခုနှစ်မှာ စသိခဲ့ပါသည်။ ဆရာ ခြေပစ်လက်ပစ် မြန်မာစာကျူရှင် အလုပ်ကိုပါ ပစ်ထားစဉ်ဖြစ်ပါ၏။ အဲဒီတုန်းက ဆရာအကြီးအကျယ် စိတ်ဝင်စားအားစိုက်နေသည်က ရသ ဝတ္ထုရေးသား ခြင်းပင်။

ဆရာ၏ လူသိနည်းသော ထူးခြားမှုတစ်ခုမှာ မြန်မာစာသင်ပြမှု ထူးချွန်၍ မြန်မာရသစာရေးဆရာဖြစ်သော်လည်း ဆရာက စိုက်ပျိုးရေးဘွဲ့ရသူဖြစ်ခြင်း။

၁၉၉၀ နောက်ပိုင်း ပေဖူးလွှာမဂ္ဂဇင်း၌ပါဝင်ခဲ့သော ဘောလုံးပွဲနိုင်ပါလျက် နိုင်သူဆုဖလားမရခဲ့သည့် ပြိုင်ပွဲအကြောင်း ဝတ္ထုတို'ဖလား'မှာ ထိုအချိန်က ဆရာ့လက်ရာများတွင် အထူးထင်ရှားခဲ့ပါသည်။ နောက်ထပ်ထင်ရှားသော တစ်ပုဒ်မှာ ရောဂါနံပါတ် ၉၇။ ဇာတ်ပွဲထဲတွင် အဓိကဇာတ်ရုပ်နေထိုင်မကောင်း၍ တစ်ညတာလေ ဘုရင်ခန်းက အစားထိုးဝင်ကခဲ့ဖူးသူတစ်ဦး ဘုရင်ရူး ရူးသွားပြီး ၄င်းဇာတ်လမ်းကသည့်ညတိုင်း ဘုရင်ခန်းက သူဝင်များကရဦးမလား၊ အဓိကဇာတ်ဆောင်ဘုရင်လုပ်သူနေထိုင်မကောင်းဖြစ်ကာ မကနိုင်ပေဘူးလား၊ လည်တဆန့်ဆန့်ဖြစ်နေပုံ ဝတ္ထုဖြစ်ပါသည်။

ဆရာ ဝင်းစည်သူနှင့် ကျွန်တော် အသက် ၁၀ နှစ်ကျော်ကွာကြသည်။ ပြီးတော့ မန္တလေးတွင် လေးငါးနှစ်သာဆုံ၏။ ရင်းရင်းနှီးနှီး ထဲထဲဝင်ဖြစ်လိုက်ခြင်းမှာ ကျွန်တော်အလုပ်သိမ်းသည့် ည ၉ နာရီကျော် ညဥ့်နက်ပိုင်းများတွင် မန္တလေးတစ်ခွင်နှင့် တောင်ပြုန်း၊ တောင်သမန်တို့အထိ ဆရာ့ကားနှင့် နှစ်ဦးသား ခြေထောက်ဗွေပေါက်ဖူးကြခြင်းကြောင့်သာ။

ဆရာက အဖိတ်နေ့ည ညတချို့တွင် လာခေါ်လည်ပတ်ကြခြင်းဖြစ်ပါသည်။ ၁၉၉၃ တွင် ဆရာ ကျန်းမာရေးအားနည်းသည်။ အလုပ် လုပ်တိုင်း ဖွဲ့နဘဲကြီးသော ဆရာ၊ လက်ဖက်ရည်ဝိုင်းတွင် ဝတ္ထုတို စိတ်ကူးရလိုက်ပါက တစ်ညလုံး ဝတ္ထုတိုအပြီးရေးပြီး နံနက်တွင် လက်ရေးသေသပ်လှပစွာ A4 စာရွက်ဖြူပေါ် ဝတ္ထုစာသားတင်ပြီးသား စာတစ်ပုဒ်အဖြစ် ယူလာတတ်သည်အထိ အလုပ်ဖွဲ့နဘဲကြီးသောဆရာ။ သူ့ကို စွဲကပ်လာသော ဝေဒနာကို




ဖွဲ့နဘဲကြီးစွာ အရေးမလုပ်ခြင်းဖြင့် တုံ့ပြန်ခဲ့ခြင်းကို ကျွန်တော်ပြန်တွေးတိုင်း ခံစားမိသည်။

စာပေမှတ်တမ်းပြုရမည်ဆိုလျှင် ဝသုန္ဓရေလက်ရေးစာအုပ်ကို ဆရာကိုယ်ပိုင်ငွေဖြင့် ထုတ်ဝေခဲ့ခြင်း ကျန်၍မဖြစ်။ သူ၏ '၉၀ ဝန်းကျင်ဝတ္ထုတိုများ' စာအုပ်ကို သရက်ရောက်သူငယ်ချင်းသို့ဟု စာအုပ်၏ အဖွင့်စာမျက်နှာကနေ အဲဒီတုန်းက သရက်သို့ ရောက်နေသူ ဝတ္ထုရေးဖော် ညီပုလေးကို ရည်ညွှန်းခဲ့ခြင်းကိုလည်း မမေ့နိုင်ပါ။

ယေဘုယျ အချိန်အတိုင်းအတာတွေကတော့ နှစ်ပေါင်း ၃၀ ဆိုသည်မှာ ကြာလှပြီ။ ကျွန်တော်ကတော့ အခုထိ ဆရာ ဝင်းစည်သူ၏ ပြောဟန်၊ ဆိုဟန်၊ စကားပြောသံများကို ကြားနေဆဲ။ ဘာမှ မကြားသေးသလိုပါပဲ။

ဆရာဝင်းစည်သူကို သတိရဆဲပါ။

ဆရာ ဝင်းစည်သူအပေါ် ဝေဖန်စာရေးခဲ့သော ကျွန်တော့်အနေဖြင့် ဆရာနှင့်ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်သည် ကျွန်တော့်အား စာပေဖြင့် ပြန်မတုံ့ပြန်ဘဲ မေတ္တာတရားဖြင့် နားလည်ခွင့်လွှတ်စွာ တုံ့ပြန်ခဲ့သည့်အတွက် ကျွန်တော့်စိတ်ကို ပြုပြင်ပေးခဲ့သည်ဟု ဆိုရပေမည်။ ထို့ကြောင့် ဆရာ ဝင်းစည်သူကို ယနေ့အချိန်အထိ အောက်မေ့သတိရကာ ကျေးဇူးတင်မိပါသည်။



# အောင်မင်္ဂလာရပ်ကွက်ရှိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီကြွချီလှည့်လည် ပူဇော်ခံ



**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေပိုင်းတွင် အောင်မင်္ဂလာရပ်ကွက်ရှိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံခြင်းနှင့် နေအိမ်များတွင် ဆီမီးများပူဇော်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် အောင်မင်္ဂလာရပ်ကွက်ရှိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ဦးရန်အောင်+ဒေါ်စန်းကြည် မိသားစုကလှူဒါန်းပြီး မြို့အတွင်းသို့ ရပ်ကွက်နေပြည်သူများမှ မီးပုံးများကိုင်ဆောင်၍ ဒေသစာရီကြွချီလှည့်လည်ပူဇော်ခံခြင်းနှင့် မြို့အတွင်းရှိ ပြည်သူများက ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး ဆင်ပေါင်ဝဲမြို့ရှိ ပြည်သူများက သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၌ နေအိမ်များတွင် ပန်း၊ ဆီမီး၊ ရေချမ်းများပူဇော်ခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုး၊ အဘွား၊ ဆရာသမားများ ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်းများ ပြုလုပ်ခဲ့ကြသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## ၂၀၂၄ ခုနှစ်အတွင်း ဝင်ငွေအကောင်းဆုံး ဘောလုံးသမားအဖြစ် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည့် စီရော်နယ်လ်ဒို



တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အသက်(၄၀)ပြည့်ရန် ၄ လတောင် မလိုတော့ပေမယ့်လည်း ၂၀၂၄ ခုနှစ်အတွင်း ဝင်ငွေအကောင်းဆုံး ဘောလုံးသမားအဖြစ် ထိပ်ဆုံးနေရာတွင် ရပ်တည်နိုင်ခဲ့ပြန်သည်။

အဆိုပါ တိုက်စစ်မှူးသည် ကမ္ဘာကျော် ဘောလုံးသမားအဖြစ်သာမက ဆိုရှယ်လ်မီဒီယာအထက်တွင်လည်း အောင်မြင်မှုများစွာ ရယူထားနိုင်ခဲ့သည်။

ကမ္ဘာကျော် Forbes မဂ္ဂဇင်း၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်အတွင်း ဝင်ငွေအကောင်းဆုံး ဘောလုံးသမားစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုက တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၅ သန်းဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့ပြီး ၎င်းနောက်တွင် မက်ဆီ၊ နေမာ၊ ဘန်ဇီမာ၊ ဘာပေ၊ ဟာလန်း၊ ဗင်နီစီယပ်စ်၊ ဆာလာ၊ မာနေ၊ ဒီဘရိုင်းတို့ အသီးသီး ရပ်တည်ခဲ့သည်။

စီရော်နယ်လ်ဒိုသည် အသက် ၄၀ ပြည့်တော့မှာဖြစ်သော်လည်း လက်ရှိအချိန်ထိ ဘောလုံးကစားသမားဘဝမှ အနားမယူသေးဘဲ ကလပ်အသင်းအတွက်သာမက လက်ရွေးစင်အသင်းအတွက်လည်း ခြေစွမ်းပြထားနိုင်သူ ဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကလပ်အသင်းဖြစ်သည့် အယ်လ်နာဆာအသင်းနှင့်လည်း ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်းပွဲ ၈၀ ကစားကာ ၇၃ ဂိုးထိ သွင်းယူနိုင်ခဲ့သလို၊ နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၃မှ ၂၀၂၄ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၂၁၆ ပွဲကစားကာ ၁၃၃ ဂိုး သွင်းယူထားသည်။

ထို့ကြောင့် တိုက်စစ်မှူး စီရော်နယ်လ်ဒိုအနေဖြင့် ဘောလုံးကစားသမားဘဝမှ အနားမယူခင်အချိန်ထိ နောက်ထပ် မည်သည့်အောင်မြင်မှုမျိုးတွေ ဆက်လက် ရယူသွားဦးမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရဦးမည် ဖြစ်သည်။ **နိုင်ကမ္ဘာ**




## ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

**ရေနံချောင်း အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကံကြီးကျေးရွာအုပ်စု၊ ခွေးကကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား ဩဂုတ်လ ဒုတိယပတ်မှစတင်၍ လုပ်ကိုင်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးကြောင်း ယနေ့တွင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါလမ်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း VDP ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့် ဝင်ငွေ ၁ ဒသမ ၈ သန်းဖြင့် ကံကြီးကျေးရွာအုပ်စု၊ ခွေးကကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ခွေးကကျေးရွာ၌အိမ်ခြေ ၇၂၊ အိမ်ထောင်စု ၇၃၊ လူဦးရေ ၃၅၈ဦးရှိပြီး ကွန်ကရစ်လမ်းခင်းခြင်းကြောင့် နေ့စဉ်သွားလာရေး ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

(၄၇၂)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့သတင်း

## သီတင်းကျွတ်ပွဲ

* မယ်တော်နတ်သား ကျေးဇူးအားကို
ဆပ်ပြားပိုပို မမေ့ထိုနဲ့
သူဆိုလမ်းပြ အဘိဓမ္မ တည့်။

* ဟောပြအဆုံး သွယ်ကာကုံး၍
ပြိုင်နှုန်းမယှဉ် စောင်းတန်းသွင်နဲ့
အလျှင်မဆွ လူ့ပြည်ကြွသည်
လုပကြည်ညို သဒ္ဓါပြို၍။

* လူ့ပြည်ကြွလာ ဖူးမြော်ပါ၏
သာယာကြည်နူး စိတ်အထူးဖြင့်
ညွတ်နူးအာရုံ ကူးကြထုံသည်
မီးစုံပန်းလှ ဖူးမဝ။

* ဤသည်ဝလေ့ ခမမေ့ပါ
ပြုပေ့အများ ကြည်ညိုအားက
ဘယ်ခြားမယှဉ် ကုသိုလ်ထင်သည်
အသွင်ဓမ္မ သူလမ်းပြမို့။

* ဓမ္မပန်းခင်း သူဖန်ဆင်းကို
အလင်းကိုစွက် ရောင်စုံယှက်၍
ဦးထက်ကြည်ညို ပူဇော်ပိုသည်
ထိုထိုအလင်း ရောင်စုံခင်း၍။

* သီတင်းကျွတ်ခါ မြတ်သစ္စာကို
မကွာမည်း အသိတိုး၍
မြတ်နိုးကြည်ဖြူ ပူဇော်ထူသည်၏
သွင်ဟူငြိမ်းချမ်း အေးစေကမ်း၍
လုမ်းကြကြည်သာ ဤချိန်ခါတည့်
ချိန်ခါတည့်။ ။

**ရေချမ်းမန်း**

# သတင်းပဒေသာ

## မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၈ရက် မွန်းတည့် ၁၂နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဘုရားအမှူးပြု၍ မိုင်းရှူးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ပေါင်း၄၀ကျောင်းမှ ဆရာတော်၊ သံဃာတော် ၉၀၀ပါးက အမှတ်(၄)ရပ်ကွက်ရှိ ယုံးပေါင်ကျောင်းမှ မြို့လယ်ဘုရားကြီးကျောင်းသို့ ကြွရောက်အလှူခံရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများနှင့် ရပ်နီး၊ ရပ်ဝေးအလှူရှင်များက ဝတ္ထုငွေ၊ ဆန်၊ ဆေး၊ အချိုရည်၊ ချိုချဉ်၊ မုန့်များ အစရှိသော လှူဖွယ်ပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးစီး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်တိုဘာ တစ်ရက်ကစတင်ပြီး မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများ အသီးသီးတို့တွင် ကောက်ကွက်ပေါင်း ၁၄၂ကွက်တို့၌ ကောက်ကွက်တစ်ခုလျှင် စာရင်းကောက်လေးဦး၊ စာရင်းစစ်တစ်ဦး ပေါင်းငါးဦးဖြင့် စာရင်းကောက်/စာရင်းစစ် ၅၅ဦး ၁၁ဖွဲ့တို့က အောက်တိုဘာ ၁၆ရက်တွင် ကောက်ယူခြင်းပြီးစီးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ ကျင်းပ

၁၃၈၆ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၁၇ရက်နေ့တွင် ရှမ်းပြည်နယ်အတွင်း မြို့နယ်များရှိ တန်ခိုးကြီးဘုရားစေတီများ၌ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများ ကျင်းပလျက်ရှိပြီး ကုသိုလ်ဒါနပြုကြသူများ၊ ဘုရားဖူးလာပြည်သူများနှင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့ပေါ်ရပ်ကွက်များရှိ ဘုရားစေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများ၌ အောက်တိုဘာ ၁၇ရက် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဘုရားဖူးပြည်သူများ၊ သီတင်းသီလဆောက်တည်သူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## သံဃာဒါန ဆွမ်းဆန်စိမ်းလောင်းလှူ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် သီတင်းကျွတ်လပြည့် ၁၇ရက်၌ ပုရိမာဝါမှကျွတ်လွတ်ထမြောက်ကြကုန်သော ဆရာတော်၊ သံဃာတော်တို့ နှစ်စဉ်ကျင်းပဆောင်ရွက်မြဲဖြစ်သော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၈ရက် မွန်းလွဲပိုင်း၂နာရီက မြို့လယ်ဓမ္မာရုံမှ စတင်ကာ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များအား စုရပ်ပြုလုပ်၍ မြို့လယ်ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက် စည်ကားသိုက်မြိုက်စွာဖြင့် သံဃာ့ဒါနဆွမ်းဆန်စိမ်းအလှူတော်ကို လောင်းလှူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## (၇၆)ကြိမ်မြောက် ပဝါရဏာပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့တွင် မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် (၇၆)ကြိမ်မြောက် ပဝါရဏာပွဲကို ငဖဲမြို့ကျောင်းတွင်းရပ်ကွက် ကုန်းမြင့်ရတနာ ဘုန်းတော်ကြီးကျောင်းတွင် ယမန်နေ့ မွန်းလွဲ ၁နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

# သီတင်းကျွတ်လပြည့်နေ့တွင် အရုဏ်ဆွမ်းလောင်းလှူ

**ညောင်ဦး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ လပြည့်နေ့တိုင်း အစဉ်အလာမပျက် အရုဏ်ဆွမ်းလောင်းလှူခြင်းကို အောက်တိုဘာ ၁၇၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) နံနက် ၇ နာရီက လောင်းလှူခဲ့ကြသည်။

ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်ဦးဆောင်ကာ ဝန်ထမ်းမိသားစုများမှ ဆွမ်း၊ ငါးကြော်၊ ငါးပိကြော်၊ Royal D၊ ကော်ဖီမစ်ထုပ်များ၊ ကိတ်ခြောက်များ၊ ဆပ်ပြာဘူးတို့အား ဇေယျဝတီစာသင်တိုက်ရှိ သံဃာတော် အရှင်သူမြတ်များနှင့် ကျန်စစ်သားဥမင်စာသင်တိုက်ရှိ ဆရာတော် အရှင်သူမြတ်တို့အား လပြည့်နေ့ နံနက်တိုင်း အစဉ်လာမပျက် အရုဏ်ဆွမ်းလောင်းလှူခဲ့ရာ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင်လည်း အရုဏ်ဆွမ်း (၃၈)ကြိမ်မြောက် လောင်းလှူခဲ့ပြီးဖြစ်ကြောင်း သံဃာအပါး ၈၀တို့အား ပုံမှန်လောင်းလှူခဲ့ပြီး ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့တွင် အရုဏ်ဆွမ်း လောင်းလှူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၈၁)



# ဦးပွားဆုတောင်းပြည့်ဘုရားကြီးသို့ သီလပွဲနှင့်အလှူငွေများ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဩချောင် ရပ်ကွက်ရှိ ရှေးဟောင်းဦးပွား ဆုတောင်းပြည့် မြတ်စွာဘုရားကြီးသို့ အလှူငွေများနှင့် သီလကန်တော့ပွဲ လှူဒါန်းခြင်းကို သီတင်းကျွတ်လပြည့်နေ့ နံနက် ၉နာရီတွင် ဦးပွားဘုရားအတွင်းရှိ ဓမ္မသာလဓမ္မာရုံ၌ ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ကြွရောက်တော်မူပြီး အလှူရှင်ဦးပွားဘုရား ဂေါပကအဖွဲ့နာယက၊ ဘုရားဒါယကာ ဆရာကြီး ဦးတင်မောင်+ ဘုရားဒါယိကာမ ဆရာမကြီး ဒေါ်ခင်မြမြ (သူရိန္ဒနန်းကိုယ်ပိုင်အထက်တန်းကျောင်း) မိသားစုတို့က ဆရာတော်များအား အရုဏ်ဆွမ်းနို့စိမ်းခေါက်ဆွဲ ဆက်ကပ်လှူဒါန်း၍ လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ (မဟာသဒ္ဓမ္မဇောတိကဓဇ)က အလှူရှင်နှင့် ပရိသတ်တို့အား (၉)ပါးသီလ ချီးမြှင့်ပေးတော်မူသည်။

ထို့နောက် အလှူရှင်မိသားစုတို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးပွားဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးမြင့်ဦးနှင့် အတွင်းရေးမှူး ဦးထွန်းလင်းတို့က လက်ခံရယူပြီးနောက် အလှူရှင်မိသားစုက သီလကန်တော့ပွဲနှင့် နေ့ဆွမ်းဆက်ကပ်ရာ ဆရာတော်မှ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းများ ပေးဝေသည်။ (ဝဲပုံ)

အဆိုပါ အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ ဦးပွားဂေါပကအဖွဲ့ နာယကများ၊ အဖွဲ့ဝင် ဦးအောင်မောင်၊ ဦးသိုးထိန်းအောင်၊ ဦးကျော်မင်းဦး၊ အလှူရှင်မိသားစုနှင့် ဥပုသ်သည်များ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ပူဇော်ကြကြောင်း သိရသည်။ (ဝ၄၆)

# (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၉**



ရတနာပုံမန္တလေး မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားတော်မူသည့် မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၏ (၁၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ရေစက်ချအခမ်းအနားကို ယနေ့ နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ နန်းတော်ရှေ့၊ မန္တလေးတောင်ခြေ ရှိ အဆိုပါဘုရား ရင်ပြင်တော် တွင် ကျင်းပသည်။

အဆိုပါ ရေစက်ချအခမ်းအနားသို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားဂေါပကအဖွဲ့ သြဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ပင့်သံဃာတော် ၂၄ပါး ကြွရောက်တော်မူကြပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်မြင့်၊ အတွင်းရေးမှူး ဦးတင်သန်း၊ အဖွဲ့ဝင်များနှင့် အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ကြပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရား ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ မန္တလေး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝထံမှ ငါးပါးသီလ ခံယူ၍ ဆရာတော်အရှင်သူမြတ်တို့ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ သြဝါဒါစရိယဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချတရားနာယူကြပြီး အခမ်းအနားကို 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၉၃)

# အဘိဓမ္မာအခါ ပဝါရဏာ ကံဆေးခြင်းမင်္ဂလာ

သီတင်းကျွတ်လပြည့်ပင် ကျော်ခဲ့ချေပြီ။ မြန်မာတို့သည် နှစ်စဉ်နှစ်တိုင်း လရာသီများအလိုက် ဘာသာရေးပွဲတော်များကို ဆင်နွှဲကြသည်။ ထိုဘာသာရေးပွဲတော်များသည် ကုသိုလ်ရေးအတွက် ဆောင်ရွက်သည့်အပြင် ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းပြုလုပ်လေ့ရှိသည်။ ထိုအထဲတွင် သီတင်းကျွတ်ပွဲတော်လည်း ပါဝင်သည်။ ထိုသီတင်းကျွတ်လပြည့်နေ့ကို 'အဘိဓမ္မာအခါတော်နေ့'ဟုသတ်မှတ်၍ ဘာသာရေးနှင့်ဆက်နွှယ်သော ပွဲတော်တစ်ခုအဖြစ် ကျင်းပကြသည်။

သီတင်းကျွတ်လသည် သဘာဝအားဖြင့် မိုးရာသီကုန်ဆုံးပြီး ဆောင်းရာသီသို့အဝင် ချမ်းအေးခါစ ရာသီဥတုဖြစ်၍လည်း သာယာသည်။ ရာသီစက်ဝန်းသည် တူရာသီဖြစ်သဖြင့် အာသာဝဏီနက္ခတ်ထွန်းလင်းသည်။ ချိန်ခွင်ကို ကိုင်စွဲထားသည့် ယောက်ျားပုံသဏ္ဌာန် ရာသီရုပ်ဖြစ်သည်။ ရာသီပန်းမှာလည်း ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပုဏ္ဍရိက်(ကြာတံဆိပ်)၊ ကြာပဒုမ္မာ(ကြာခေါင်းလောင်း)စသည်တို့ဖြစ်ကြသည်။ ထို့ကြောင့်လည်း ကင်းဝန်မင်းကြီးက ဖွဲ့ဆိုသီကုံးခဲ့သည်မှာ 'သီတင်းကျွတ်ပြီ တူရာသီ၊ အာသာဝဏီ ရှိန်ဝါလွှန်း၊ ကြာမျိုးလည်းစုံ မီးမြင်းမိုရ် ဗဟိုအချာထွန်း'ဟုဆိုသည်။ ထိုလသည် နေထွက်ချိန်၊ နေဝင်ချိန်တူညီသဖြင့် နေ့တာညတာ ညီမျှသောလပါ။ ထိုကာလ ထိုအချိန် ကျေးလက်တောရွာများတွင် လယ်ယာစိုက်ကွင်းများ၌ စပါးခင်းများ စိုက်ပျိုးပြီးချိန်မို့ စပါးပင်ကလေးများ ထိုးထိုးထောင်ထောင် စိမ်းစိမ်းစိုစိုနှင့် ကြည့်မဝ၊ ရှုမဝ သာယာလှပနေသည်။ ထိုသီတင်းကျွတ်လတွင် ဗုဒ္ဓဘာသာဝင်တို့သည် ရှေးအစဉ်အဆက် ကျင်းပခဲ့ကြမြဲဖြစ်သော ဆီမီးထွန်းညှိပူဇော်ပွဲနှင့် ပဝါရဏာပြုပွဲကို ရွာဦးဘုန်းတော်ကြီးကျောင်းများ၌ ပျော်ပျော်ပါးပါး ပြုလုပ်ကြသည်။

ဗုဒ္ဓဘုရားရှင် ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီးနောက် (၇)ဝါအရမှာ တရားဓမ္မဖြင့် မိဘကျေးဇူးဆပ်လိုသည်ဖြစ်၍ နတ်တို့နေရာ တာဝတိံသာသို့တက်ကာ မယ်တော်မာယာဒေဝီ ဖြစ်ခဲ့ဖူးသော 'သန္တုသိတ'နတ်သားအား အမှူးထား၍ နတ်ဗြဟ္မာအများကို ဝါတွင်း သုံးလပတ်လုံး၊ အဘိဓမ္မာတရား(ကျေးဇူးဆပ်သော တရား)ဟောကြားတော်မူပါသည်။ ထို့နောက် သီတင်းဝါလကျွတ်၍ လူ့ပြည်လူ့ဌာနသို့ ပြန်လည်ကြွလာတော်မူသော မြတ်ဗုဒ္ဓဘုရားရှင်အား ဖူးမြင်လိုကြသော လူ့ပြည်မှ တပည့်သာဝကများသည် ပန်းများ၊ ဆီမီးများ ထွန်းညှိလှူဒါန်း ပူဇော်ကန်တော့သည်ကိုအမှတ်ပြု၍ သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီးထွန်းညှိပူဇော်ပွဲများကို ကျင်းပကြခြင်းဖြစ်ပါသည်။ ထို့ပြင် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓအဆုံးအမအရ ဘာသာရေးပွဲတော် တစ်ခုသည် 'ပဝါရဏာ'ပြုသည့် ပွဲတော်ပင်ဖြစ်သည်။

တပည့်ဒါယကာများသည် အဘိဓမ္မာတရားပူဇော်ပွဲ ဆီမီးထွန်းညှိပူဇော်ပွဲ၊ မီးမြင်းမိုရ်ပူဇော်ပွဲ စသည်ဖြင့် ပြုလုပ်ကြသလို ရဟန်းသံဃာတော်အရှင်မြတ်တို့သည်လည်း သီတင်းဝါလကျွတ်သည့်အခါ 'ပဝါရဏာ'ပြုပွဲများကို ဆောင်ရွက်တော်မူကြရသည်။ သံဃာတော်များသည် ဝါတွင်း(၃)လပတ်လုံး ဝါဆိုဝါကပ်တော်မူကြ၍ သိက္ခာ(၃)ရပ် ဖြောင့်မတ်စွာ ကျင့်တော်မူကြပြီး ပုရိမဝါမှ ထတော်မူကြကာ 'ပဝါရဏာ'ပြု၍ ဝါကို သန့်စင်တော်မူကြရသည်။ ထိုသို့သော 'သီလ၊သမာဓိ၊ပညာ'ဂုဏ်အင်္ဂါများဖြင့် ပြည့်စုံတော်မူကြကုန်သော သံဃာတော်အရှင်မြတ်များအား လည်းကောင်း၊ 'ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း'ဆိုသော အဘိဓမ္မာ(၇)ကျမ်း တရားတော်မြတ်များအားလည်းကောင်း၊ နတ်တို့ပြည်ရွာ တာဝတိံသာမှ အဘိဓမ္မာ(၇)ကျမ်း ဟောကြားပြီး ပြန်ကြွလာသော အနန္တဂုဏ်ရှင် ဗုဒ္ဓမြတ်ဘုရားရှင်အားလည်းကောင်း၊ ထိုရတနာမြတ်(၃)ပါး၏ ဂုဏ်ကို အာရုံပြုလျက် ပူဇော်ကန်တော့ရခြင်းသည် 'ပူဇာစပူဇနေယျာနံ' မင်္ဂလာနှင့် ပြည့်စုံပေသည်။ လှူဖွယ်ပစ္စည်းများနှင့်လည်း လှူဒါန်းပူဇော်သဖြင့် 'ဒါနဉ္စမင်္ဂလာ'မို့ မှန်မြတ်လှပေသည်။ ထိုသို့ လှူဒါန်းပူဇော်ရခြင်းကြောင့် 'စက္ခုမံသဉာဏနှစ်ဆူ ကြည်လင်၏ ဖြစ်ဘိဉာဏ်ကြီးသူ'ဆိုသည့်အတိုင်း ဖြစ်လေရာဘဝတိုင်းမှာ ဝိဇ္ဇာဉာဏ်အလင်းပေါက်၍ နိဗ္ဗာန်အထိ ကောင်းကျိုးသက်ရောက်နိုင်ပေသည်။ ဘုရားစကားမြတ်တရားကို လိုက်နာမှတ်သား ကျင့်ဆောင်ပွားသည့် ဘုရားသားတော်၊ သံဃာတော်များအား သံဃာ့ဂုဏ်ကိုအာရုံပြု၍ ကြည်ညိုမယွင်း လှူဒါန်းခြင်းသည် လယ်ယာမြေကောင်းတွင် မျိုးစေ့ကောင်းများ စိုက်ပျိုးသည်ဖြစ်သဖြင့် 'အနုတ္တရံ ပုညက္ခေတ္တံ'ဟု ဆိုပါရစေ။

မြတ်စွာဘုရားရှင်သည် အဘိဓမ္မာတရား ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်သည်ကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို 'အဘိဓမ္မာအခါတော်နေ့'ဟုခေါ်ဆိုကြသည်။ 'ပဝါရဏာ'ဆိုသည်မှာ 'ပဝါရဏာ'သည် ပါဠိစကားပါ။ မြန်မာလို ဖိတ်ကြားခြင်း၊ တိုက်တွန်းခြင်း၊ တောင်းဆိုခြင်း၊ တောင်းပန်ခြင်း'ဟု အဓိပ္ပာယ်ရပါသည်။ 'ပဝါရဏာပွဲ'သည် လူတို့နှင့်သက်ဆိုင်သောပွဲမဟုတ်ပေ။ သံဃာတော်များနှင့်သာ သက်ဆိုင်ပါသည်။ ဗုဒ္ဓဘုရားရှင်၏ ဝိနည်းတော်အရ မိုးတွင်းကာလ ဝါဆိုလမှစ၍ ဝါကျွတ်သည်တိုင်အောင် သံဃာတော်များသည် အရပ်တစ်ပါးခရီးမသွားဘဲ မိမိသီတင်းသုံးရာ ကျောင်းတော်မှာပင် ဝါဆိုဝါကပ်တော်မူကြရသည်။ သီတင်းဝါလကျွတ်၍ ဝါမှ ထတော်မူကြသည့် သီတင်းကျွတ်လပြည့်နေ့မှာ သိမ်တော်အတွင်း ဝင်၍ ပဝါရဏာပြုကြရသည်။ ကျင့်ပွားအားထုတ်ထားသည့် သိက္ခာတရားနှင့်သီလတော်များကို စင်ကြယ်သည်ထက် စင်ကြယ်အောင် အလုပ်အကိုင်မှား၊ အပြောအဆိုမှား အပြစ်များကို သီတင်းသုံးဖော်အချင်းချင်း အပြန်အလှန် တောင်းပန်ဝန်ချကြခြင်း အစစအရာရာ အပြစ်မြင်က ဆုံးမတော်မူကြရန် တောင်းခံကြခြင်းသည် 'ပဝါရဏာ' ပြုကြခြင်းပင် ဖြစ်ပါသည်။

ဗုဒ္ဓစကားမပယ်ရှားဘဲ ဝါဆိုဝါကပ်တော်မူကြ၍ ဝါကိုသန့်စင်တော်မူကြပြီးသည့် သံဃာတော်မြတ်များသည် အမှားကိုဝန်ခံတောင်းပန်လျှောက်ကြား အပြစ်များကင်းစင်အောင် ဆေးကြောသန့်စင်ပြီးသည်ဖြစ်၍ အပူဇော်ခံထိုက်သူ သူတော်စင်၊ သူတော်ကောင်းများဟု ဆိုရပေမည်။ ထိုသို့ သိမ်တော်မှထွက်စဉ် လောင်းလှူပူဇော်ခြင်းသည် သိမ်ထွက်သည့်မင်္ဂလာဖြစ်သဖြင့် မွန်မြတ်လှပါသည်။ ရတနာမြတ် ၃ပါးနှင့် အပူဇော်ခံထိုက်သူ စဦးတွင် အပါအဝင်ဖြစ်သည့် သန့်စင်မွန်မြတ်ပြီးသည့် သံဃာတော်များအား သိမ်ထွက်မင်္ဂလာတွင် လှူဖွယ်ပစ္စည်း၊ ဝတ္ထုအစုစုကို လှူဒါန်းကြခြင်းကြောင့် ကုဋေတစ်သိန်းသော ဘဝများစွာတို့၌ ကောင်းကျိုးအထူးအမြတ်များကို ရရှိခံစားနိုင်သည်ဟု လေ့လာဖူးပါသည်။

ထိုသည့်နည်းတူ လူတို့သည်လည်း ရဟန်းသံဃာတို့၏'ပဝါရဏာ'ကဲ့သို့ပွဲများ ပြုလုပ်သင့်ပေသည်။ ယခုအခါ လူပုဂ္ဂိုလ်တို့သည် သီတင်းဝါလကျွတ်လျှင် မိဘ၊ အဘိုးအဘွား၊ ဆရာသမားနှင့် အသက်ဂုဏ်ဝါကြီးသူများကို လိုက်လံကန်တော့ကြခြင်းသည် ကံဆေးခြင်း မင်္ဂလာပြုလုပ်ကြခြင်းပင်ဖြစ်သည်။ အပြစ်တွေက သွန်သင်ဆုံးမကြရန် တောင်းဆိုမှုများကိုလည်း ပြုလုပ်သင့်လှပေသည်။ လူပုဂ္ဂိုလ်တို့၏ပြုရမည့် 'ပဝါရဏာ'သည် အမိအဖ၊ အဘိုးအဘွား၊ ဆရာများနှင့် သက်ရွယ်ကြီးမား ပုဂ္ဂိုလ်များကို သိ၍ဖြစ်စေ မသိ၍ဖြစ်စေ၊ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိသည်များ ရှိခဲ့ပါမူ ခွင့်လွှတ်ပေးရန် ကျေအေးပေးရန် တောင်းပန်ရမည်ဖြစ်ပေသည်။ ထို့ပြင် နောက်နောင်ခါ မလျော်ကန် မသင့်မြတ် မလျောက်ပတ်သည့် အပြုအမူ၊ အပြောအဆို အနေအထိုင်များ တွေ့မြင်ကြားသိခဲ့ပါလျှင် အချိန်မဆိုင်း၊ ကြုံကြိုက်တိုင်း သွန်သင်ညွှန်ပြဆုံးမကြရန် ဖိတ်ကြားရမည် ဖြစ်ပေသည်။

သို့မှသာလျှင် 'ဒါနဉ္စမင်္ဂလာ'ဖြစ်သည့်အပြင် 'ဂါရဝေါစ နိဝါတောစ မင်္ဂလာ'ဆောင်ရွက်ခြင်းကြောင့် 'အတ္တသမ္မာပဏိဓိ ဖြစ်၍ 'အနဝဇ္ဇ'အပြစ် ကင်းစင်ပေလိမ့်မည်။ ဆိုလိုသည်မှာ လှူဒါန်းပူဇော်သည့် အလှူဒါနတစ်ခုသာ မဟုတ်ပါဘဲ ရိုသေထိုက်သူကို ရိုသေခြင်း၊ အလေးအမြတ်ပြုထိုက်သူကို အလေးအမြတ်ပြုခြင်း စသည့် မင်္ဂလာတို့နှင့်အတူ မိမိကိုယ်ကိုနှိမ့်ချသည့်မင်္ဂလာဖြစ်၍ အပြစ်ကင်းစင်ဆေးကြောခြင်း မည်ပေလိမ့်မည်။ ထိုသို့ ပြုလုပ်ခြင်းသည် လူပုဂ္ဂိုလ်တို့၏ 'ကံဆေး မင်္ဂလာပြုလုပ်ခြင်း' လူတို့၏ 'ပဝါရဏာ'ပြုခြင်းမျိုးဖြစ်ပေသည်။ ထို့ကြောင့် ရရှိလာမည့် ကောင်းကျိုးတရားတို့မှာ အသက်ရှည်၍ အနာကင်းမည်။ အဆင်းလှ၍ လူချစ်လူခင်များမည်။ ကာယဉာဏ ဗလနှစ်တန် ပြည့်စုံကာ ချမ်းသာကြွယ်ဝမည်။ စိတ်ရောကိုယ်ပါ အေးချမ်းသာယာမည်။ ဘဝတစ်ပါးပြောင်းရသည့်အခါ ကောင်းရာသုဂတိကိုသာ လားရောက်ရမည်။ နောက်ဆုံးဘဝမှာ ဒုက္ခကင်းပြတ်ရာ နိဗ္ဗာန်မြတ်ကိုသာ ခံစားရမည်ဖြစ်ပေသည်။

ထိုကဲ့သို့ လူကြီးမိဘများကလည်း အပူဇော်ခံခြင်းသည် သာမန်မျှမဟုတ် လုပ်သင့်သည့်အလုပ်ပါ။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဘုရားရှင်ကိုယ်တော်တိုင် သီတင်းဝါလကျွတ်သည့်အချိန်မှာ သံဃာတော်များ၏ ပူဇော်ကန်တော့ခြင်းကို ခံယူတော်မူပါသည်။ ထိုနည်းတူ ရှေးမင်းဧကရာဇ်များသည်လည်း မှူးကြီးမတ်ရာ၊ သေနာပတိနှင့် တိုင်းသူပြည်သားလူအများတို့၏ ပူဇော်ကန်တော့ခြင်းကို သီတင်းကျွတ်လတွင် မင်းပွဲသဘင်ဆင်ယင်၍ အပူဇော်ခံယူခဲ့ကြသည်ကို မှတ်သားဖူးပါသည်။ ထို့ကြောင့် သီတင်းကျွတ်လတွင် ရဟန်းသံဃာတော်များသည် ဝိနည်းကံဖြင့် ကံအညစ်အကြေး၊ ကံအပြစ်များကို ဆေးကြောသန့်စင်မှု ပြုကြသလို လူပုဂ္ဂိုလ်များသည်လည်း မိဘဘိုးဘွား၊ ဆွေမျိုးများနှင့်ကျေးဇူးရှိခဲ့ဖူးသူများပါမကျန် သက်ရွယ်ကြီးမား၊ ဂုဏ်ကြီးမားသူတို့အား ပြစ်မှားမိခဲ့သမျှ အစစဝန်ချတောင်းပန်၍ အပြစ်ကြွေးများကို ဆေးကြောသောလပင်ဖြစ်သည်။

ကျွန်တော်တို့နေထိုင်ရာ ဤဘဒ္ဒကမ္ဘာကြီးသည် သစ္စာလေးပါးမြတ်တရားကို ဟောကြားညွှန်ပြနိုင်သည့် ဗုဒ္ဓ(၅)ဆူပွင့်တော်မူသည့် ထူးကဲမွန်မြတ်သည့် ကမ္ဘာကြီးဖြစ်သည်။ သို့သော်လည်း လူတို့၏ ကိုယ်ကျင့်တရား ပျက်ပြားမှုကြောင့် လူတို့သက်တမ်း ဆုတ်ယုတ်လာခဲ့ရာ အနှစ်(၅၀၀)သက်တမ်းအောက် ရောက်ရှိလာချိန်မှစ၍ လူတို့၏ကိုယ်ကျင့်တရားများ ပိုမိုဆိုးဝါးစွာချွတ်ချော် တိမ်းပါးလာခဲ့သည်။ မွန်မြတ်သော တရားဓမ္မများကို လျစ်လျူရှုလျက် မိစ္ဆာဓမ္မအမှားများကြီးစိုးလာခဲ့သည်။ ထို့ကြောင့်လည်း ဒုက္ခအမျိုးမျိုး၊ ကပ်ဘေးအမျိုးမျိုး တွေ့ကြုံကြရသည်။ ယခုခေတ်ကာလ ပို၍ပင် ဆိုးဝါးလာခဲ့သည်။ ထိုသို့သော ကံအညစ်အကြေးများ ဆေးကြောနိုင်မှတော်ကာကြမည်။ ထိုသို့ အကျင့်သီလ ပျက်ပြားမှောက်မှား ဒုစရိုက်ဆိုးများ၏အပြန် အကျိုးအမျိုးမျိုးသည် သဘာဝဘေးဆိုး၊ ကပ်ဆိုးကြီးများပင် ဖြစ်သည်။

ထို့ကြောင့် လူသားတို့သည် သီတင်းကျွတ်လတွင်သာမဟုတ် လစဉ်လတိုင်း အနန္တောအနန္တငါးပါးနှင့် ခင်ပွန်းကြီးဆယ်ပါးအပေါ် မတော်တရော်ပြစ်မှားမိသည့် အပြစ်ကြီးအပြစ်ငယ်များကို တောင်းပန်ဝန်ချကန်တော့ကြခြင်း၊ ပေးဝေလှူဒါန်းကြခြင်း၊ ကိုယ်ကျင့်သီလနှင့်ပြည့်စုံအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုသော(ကုသလဿ ဥပသမ္ပဒါ)ကုသိုလ်တရားများဖြင့် စုဆောင်းကာရန်ထားသင့်သည်။ ယခင်ကကျူးလွန်ပြစ်မှားမိခဲ့သမျှ ဝန်ချတောင်းပန်၊ နောက်နောင်တွင် မပြုမိစေရေး သတိထားဆင်ခြင်မှု(သဗ္ဗပါပဿ အကာရဏ)နှင့် ခြေဖျက်ပယ်သတ်ခါ လောဘ၊ ဒေါသ၊ မောဟဆိုသည့်ကိလေသာ အညစ်အကြေးများ ဝင်ရောက်နှောက်ယှက်မှုများမှ ကင်းဝေးအောင် (သစိတ္တ ပရိယောဒပနံ)ဆိုသည့်အတိုင်း မိမိစိတ်ကို ဖြူစင်အောင် ထိန်းသိမ်းစောင့်ရှောက်၍ သတ္တဝါအများအပေါ် ကိုယ်ချင်းစာနာစိတ်၊ မေတ္တာစိတ်များလွှမ်းခြုံနေမည်ဆိုပါလျှင် အလိုလို ကံဆေးပြီးသားဖြစ်သွားသဖြင့် နောင်တွင်မကောင်းသည့် ကံများဆေးကြောမည့် ကပ်ဘေးဒုက္ခများမှ လွတ်ကင်းနိုင်ပေမည်။ အချုပ်ဆိုရသော် ကျွန်တော်လေးစားမြတ်နိုး တန်ဖိုးထားရသော လူသားလောကကြီး ဘေးမသီ ရန်မခ အေးမြချမ်းသာကြစေကြောင်း ကံအညစ်အကြေး ဆေးကြောသည့်အလုပ် အခါမလပ်ပြုလုပ်နိုင်ကြစေရန် တိုက်တွန်းနှိုးဆော်ရင်း သီတင်းကျွတ်လကို ပမာတင်၍ စာသဘင်အဖြစ် ရေးသား တင်ပြလိုက်ရပါသည်။

မန်းမြေမှ ပန်းသပြေ

# စက္ကိန်းတဲစေတီတော်မြတ်တွင် ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဆီမီးပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲများ ကျင်းပ

**မင်းဘူး အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက် ကေလာသဖတောင်ထိပ်တွင် တည်ထားကိုးကွယ်လျက်ရှိသော ရှင်ပင်စက္ကိန်းတဲ စေတီတော်မြတ်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ပဌာန်းမြတ်ဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းပွဲများ ကျင်းပသည်။

ထိုသို့ စေတီတော်မြတ်တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ညနေ ၅ နာရီခွဲက ခရိုင်၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်မီးသတ်တပ်ဖွဲ့တို့မှ ဝတ်အသင်းအဖွဲ့များက ပဌာန်းမြတ်ဒေသနာတော်များ ရွတ်ဖတ်ပူဇော်အပြီး စက္ကိန်းတဲဘုရားရင်ပြင်တော်ပေါ်တွင် ဆီမီးများထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ကြကာ ဘုရားရှင်အား ဂုဏ်ပြုပူဇော်ခဲ့ကြသည်။



အဆိုပါ သမိုင်းဝင် ရှင်ပင်စက္ကိန်းတဲစေတီတော်တွင် ကျင်းပနေသည့် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခြင်းနှင့် မီးပုံးပျံများလွှတ်တင်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီးရဲကျော်သူ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်တို့က ကြည့်ရှု၍ ပျော်ပျော်ပါးပါး လွှတ်တင်ပူဇော်ကြကာ စက္ကိန်းတဲစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကြသော အနယ်နယ်အရပ်ရပ်မှဘုရားဖူးလာ ပြည်သူအပေါင်းတို့အား ကြာဆံချက်များဖြင့် ကျွေးမွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

(၅၀၄)



# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်)နေ့တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသမိုင်းအထင်ကရဘုရားများတွင် ဆီမီးပူဇော်

**ညောင်ဦး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းအထင်ကရဘုရားများတွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်)နေ့ ည ၇နာရီမှ စတင်ကာ ဗုဒ္ဓဘုရားရှင်အား ရည်ရွယ်၍ ဆီမီးပူဇော်ခဲ့ကြသည်။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းအထင်ကရဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရားကြီးတွင် ဆီမီးနှစ်သောင်းပူဇော်ခြင်း၊ ဗူးဘုရားတွင် ဆီမီးငါးထောင်ပူဇော်ခြင်း၊ ငကပ်စ်တောင်ဘုရားတွင် ဆီမီးငါးထောင်ပူဇော်ခြင်း၊ အလိုတော်ပြည့်ဘုရားတွင် ဆီမီးတစ်သောင်းပူဇော်ခြင်း၊ သဗ္ဗညုဘုရားတွင် ဆီမီးသုံးထောင်ပူဇော်ခြင်း၊ အာနန္ဒာဘုရားတွင် ဆီမီးငါးထောင်ပူဇော်ခြင်း၊ မဟာဗောဓိဘုရားတွင် ဆီမီးတစ်ထောင်ပူဇော်ခြင်း၊ တရုတ်တောင်စွယ်တော်မြတ်စေတီတွင် ဆီမီးငါးထောင်ပူဇော်ခြင်း၊ ဓမ္မရံကြီးဘုရားတွင် ဆီမီးသုံးထောင်ပူဇော်ခြင်း၊ စူဠာမဏိဘုရားတွင် ဆီမီးသုံးထောင်ပူဇော်ခြင်း၊ လောကနန္ဒာစွယ်တော်မြတ်စေတီတော်တွင် ဆီမီးတစ်သောင်းပူဇော်ခြင်းနှင့် ဓမ္မရာဇကဘုရားတွင် ဆီမီးငါးထောင်ပူဇော်ခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့များမှ ဆီမီးပူဇော်ခြင်းနှင့် မြန်မာပြည်အရပ်ရပ်ဘုရားဖူးလာ ပြည်သူများမှ ဆီမီးပူဇော်ခဲ့ကြပြီး အလိုတော်ပြည့်ဘုရားမီးပုံးပျံကွင်းတွင် မီးပုံးပျံလွှတ်တင်ခြင်းများဖြင့် ဗုဒ္ဓဘုရားရှင်အား ပူဇော်ဦးခိုက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

(၄၈၁)

# ကာလတိုအတွင်း စီးပွားရေးတွက်ခြေကိုက်သည့် ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုး

ကာလတိုအတွင်း စီးပွားရေးတွက်ခြေကိုက်သည့် ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့်တောင်သူများ ဝင်ငွေတိုးလျက်ရှိသည်။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ သီးနှံများအနက်မှ ဆေးဖက်ဝင် ဟင်းချက်စားသုံးရသော ရုံးပတီသီး သီးနှံကို ယခင်က တစ်ပိုင်တစ်နိုင် မိသားစုစားသုံးရန်နှင့် အပိုဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရာမှ ယခုအခါ ကာလတိုအတွင်း ဝင်ငွေရရှိသောကြောင့် စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

ရုံးပတီပင်မှာ တစ်နှစ်ပတ်လုံး ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဝင်ငွေရလွယ်သောသီးနှံတစ်မျိုးဖြစ်ရာ တောင်သူများ တွက်ခြေကိုက်သည့်အတွက် စိုက်ပျိုးသင့်သော သီးနှံတစ်မျိုး ဖြစ်သည်။

တောင်သူများ အများဆုံး စိုက်ပျိုးသောမျိုးများမှာ ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဖြစ်ပြီး ပင်မြင့်မျိုး (Finger One) ရုံးပတီကို အများဆုံး စိုက်ပျိုးကြသည်။

တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ် စိုက်ပျိုးရပြီး မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၂၅၀၀၀ ပေးရကြောင်း၊ တစ်ဧကစိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်အားခ အပါအဝင် စုစုပေါင်းငွေကျပ် ၆၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ စတင်စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရသည်။ ထိုသို့ ခူးဆွတ်မှသာ စားကောင်းသော အနေတော် ရုံးပတီသီးများ ရရှိမည်ဖြစ်သည်။ ခူးဆွတ်မှုကို တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ပေးရသည်။ ပူပြင်းသောရာသီဥတုတွင် အသီးရင့်မှည့်လွယ်သောကြောင့် တစ်ရက်တစ်ကြိမ် ခူးဆွတ်ရခြင်းဖြစ်သည်။ သက်တမ်းအနေဖြင့် နှစ်လထိ ခူးဆွတ်နိုင်ပြီး လက်ရှိဈေးကွက်အနေဖြင့် ခြံဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀-၂၃၀၀ ဈေးရရှိပြီး လက်လီဈေးနှုန်းမှာ တစ်ပိဿာ ငွေကျပ် ၂၈၀၀-၃၀၀၀ ပေါက်ဈေးရှိနေသည်။ ကုန်စိမ်းသီးနှံဖြစ်သောကြောင့် ဈေးကွက်အတွက် ကုန်အဝင်အနည်းအများပေါ်မူတည်ပြီး ဈေးနှုန်းအတက်အကျရှိကြောင်း တစ်ဧကအထွက်နှုန်းအနေဖြင့် ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိရာ အကျိုးအမြတ် ငွေကျပ် ၁၅ သိန်းခန့် ဝင်ငွေရရှိနေသည့် သီးနှံဖြစ်သည်။

ရုံးပတီသီးစားသုံးသူများအတွက်လည်း ဆေးဖက်ဝင်သည့် သီးနှံဖြစ်သည့်အပြင် စားသောက်ဆိုင်များတွင် အကင်၊ အကြော်၊ ဟင်းပွဲများအတွက် အသုံးပြုများသောကြောင့် တစ်နှစ်ပတ်လုံး ဈေးကွက်ဈေးကောင်းရသည့် သီးနှံဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး။

# ကျန်းမာရေးရာ ထိပ်တန်းပညာများ(၂)

**ဆီးချိုရောဂါကို အနိုင်ယူရန် သော့ချက်(၅)ခု**

(၁)အချိန်မှန်မှန် စားရမည်။

နံနက်စာကို ၇ နာရီနှင့် ၈ နာရီအတွင်း
နေ့လယ်စာကို ၁၁ နာရီမှ ၁ နာရီအတွင်း
ညနေပိုင်းအစာပြေစာကို ၃ နာရီမှ ၄ နာရီအတွင်း
ညစာကို ၆ နာရီမှ ၇ နာရီအတွင်း စားသောက်ပါ။
၇ နာရီ နောက်ပိုင်း မစားပါနှင့်။

(၂)ပုံစံမှန် စားသုံးရပါမည်။

ထမင်းပန်းကန်၏ တစ်ဝက်မှာ အသီးအရွက်ဖြစ်ရမည်။
(အသီးအရွက်ဟုဆိုရာ၌ ပြုတ်၊ သုပ်၊ ကြော် တစ်မျိုးမျိုး နှစ်သက်ရာ ပြုလုပ်စားနိုင်ပါသည်။)
ထမင်းပန်းကန်၏ ကျန် ၄ ပုံ ၁ ပုံမှာ ထမင်းဖြစ်သည်။
(ထမင်းပမာဏအားဖြင့် ဟင်းစားဇွန်း(စတီးဇွန်း) ၆ ဇွန်းမှ ၁၀ ဇွန်း ပမာဏသာ ရှိရမည်။)
ပန်းကန်၏ ကျန် ၄ ပုံ ၁ ပုံတွင် အသားဟင်းနှစ်တုံးမှ သုံးတုံးထည့်၍ စားသုံးရပါမည်။
အရည်သောက် ပန်းကန်လုံးတစ်လုံးစာ ပါရပါမည်။
ထမင်းစားသည့်အခါ ဟင်းရည်ကို ဦးစွာ သောက်ပါ။ ၎င်းနောက် အသီးအရွက်များကို စားပါ။ ၎င်းနောက်မှ အသားနှင့်ဟင်းကို




စားသုံးပါ။ ဤသို့ အစဉ်လိုက်စားသုံးခြင်းဖြင့် ထမင်းအများအပြား စားလိုသည့်ဆန္ဒ လျော့နည်းစေမည်ဖြစ်သည်။ ဗိုက်လည်း ပြည့်သွားမည် ဖြစ်သည်။

(၃)အချိန်မှန်မှန် အိပ်ရပါမည်။

တစ်ညလျှင် အနည်းဆုံး ၈ နာရီ အိပ်ရပါမည်။

(၄)ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ပေးရမည်။

မိမိခန္ဓာကိုယ်အနေအထား၊ အသက်အရွယ်၊ ခံနိုင်ရည်၊ ရောဂါအခံရှိ၊ မရှိ၊ သက်လုံ စသည်တို့အပေါ် မူတည်၍ ကိုယ်လက်လှုပ်ရှားမှုများ ပုံမှန်ပြုလုပ်ရပါမည်။ နေ့စဉ် ပုံမှန်အနည်းဆုံး နာရီဝက်မျှ လုပ်ရပါမည်။ ကိုယ်လက်လှုပ်ရှားမှုဆိုရာတွင် ကာယလေ့ကျင့်ခန်းများ၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ အားကစားလုပ်ခြင်းများ၊ လမ်းလျှောက်ခြင်း စသည်တို့ပါဝင်ပါသည်။ အားကစားများလုပ်သည့်အခါ ဆရာဝန်များ၊ ပညာရှင်များ၏ လမ်းညွှန်ချက်ယူ၍ လုပ်ဆောင်ပါ။

(၅)မည်သည့်အခါမျှ စိတ်ဓာတ်မကျပါနှင့်။

ဆိုခဲ့ပါအချက်များကို လိုက်နာကျင့်သုံးမည်ဆိုပါက ဆီးချိုကြောင့် နောက်ဆက်တွဲဝေဒနာများ မခံစားရဘဲ ပုံမှန်လူတစ်ယောက်ကဲ့သို့ ကျန်းမာစေနိုင်ပါသည်။ လိုက်နာကျင့်သုံးရန်သာ လိုအပ်ပါသည်။

**ဆီးချို၊ သွေးချိုရောဂါ မဖြစ်လိုသူများ၊ အဝလွန်သူများ၊သွေးတွင်းအဆီဓာတ်များသူများ၊ အထိုင်များသူများလည်း ဆိုခဲ့ပါအချက်(၅)ချက်ကို လိုက်နာကျင့်သုံးသင့်ပါသည်။ ထိုသို့ကျင့်သုံးပါကဆီးချို၊သွေးချိုရောဂါသာမက အခြားသောနှလုံးနှင့် သွေးကြောဆိုင်ရာရောဂါများ၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများကိုပါ ကုစားကာကွယ်ရာ ရောက်စေပါသည်။**

မျိုးဦး



## သီတင်းကျွတ်လပြည့်နေ့ မိတ္ထီလာမြို့ဘုရားစေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုလုပ်၊ ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကား

**မိတ္ထီလာ အောက်တိုဘာ ၁၉**

အောက်တိုဘာ ၁၇ ရက်ည (အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ တန်ခိုးကြီး ဘုရားစေတီတော်များ၌ ကုသိုလ်ကောင်းမှုပြုလုပ်ပြီး ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်ခဲ့သည်။ **(အပေါ်ပုံ)**

အောက်တိုဘာ ၁၇ ရက် (အဘိဓမ္မာအခါတော်နေ့)ဟာ ဗုဒ္ဓဘာသာဝင်များရဲ့ နေ့ထူးနေ့မြတ်ဖြစ်တာနဲ့အညီ ညပိုင်းတွင် မိတ္ထီလာမြို့က တန်ခိုးကြီးဘုရားစေတီတော်များမှာ ပန်း၊ ရေချမ်းနဲ့ ဆီမီးထွန်းညှိပူဇော်ပြီး ကုသိုလ်ကောင်းမှုပြုကြသူများနဲ့ စည်ကားသိုက်မြိုက်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ ဓမ္မာသုခရွှေစည်းခုံ စေတီတော်မှာလည်း (၁၅)ကြိမ်မြောက် ဆီမီး တစ်ထောင်ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်လပြည့်နေ့နဲ့ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်အထိ သုံးရက်သုံးညတိုင် ကျင်းပထွန်းညှိပူဇော်တာမို့ ဘုရားဖူးလာကြသူများ၊ ဆီမီးထွန်းညှိပူဇော်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများနဲ့အလွန်စည်ကားခဲ့ပါတယ်" ဟု ဓမ္မသုခရွှေစည်းခုံ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဇော်မိုးက ပြောသည်။

မိတ္ထီလာမြို့ရှိ မဟာဓမ္မရာဇိကရွှေမြင်တင်စေတီတော်၊ မိုးကောင်းအန္တကူရေလည်စေတီတော်၊ မဟာဗောဓိနဂါးရုံစေတီတော်၊ ဇေယျမုနိကျောက်တော်ကြီးဘုရား၊ ဓမ္မသုခရွှေစည်းခုံစေတီတော်၊ သမိုင်းဝင်ရွှေစောလူးစေတီတော်၊ သမိုင်းဝင်းထီးသုံးဆင့် ရွှေမြင်မိလေးမျက်နှာစေတီတော် စသည့် တန်ခိုးကြီး ဘုရားစေတီတော်များတွင် ကုသိုလ်ကောင်းပြုသူများ၊ ဆီမီးထွန်းညှိပူဇော်သူများဖြင့် သီတင်းကျွတ်လပြည့်ညက စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

(၄၅၃)

## ဝါကျွတ်ကာလ သစ်သီးဝလံများ အရောင်းအဝယ်လိုက်

**မကွေး အောက်တိုဘာ ၁၉**

ဝါကျွတ်ကာလ သီတင်းကျွတ်လဆန်း၁၃ရက်မှ စတင်၍ သီတင်းကျွတ်လပြည့်ကျော် ၂ရက်အတွင်း သစ်သီးဝလံများ အရောင်းအဝယ် လိုက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီးတွင်းမှ သစ်သီးရောင်းသူများထံက သိရသည်။

သစ်သီးဝလံများတွင် ကျောက်ပန်းတောင်းမြို့နယ်မှ ထွက်ရှိသော နဂါးမောက်သီး၊ ကီလိုမာလကာ၊ နှင့် ငှက်ပျောသီး၊ ပန်းသီးများ အရောင်းအဝယ် ပိုသွက်ကာ ဖီးကြမ်းငှက်ပျောသီးမှာ ဝါကျွတ်ကာလ ကန်တော့ကြသည့်အပြင် ဘုရားပွဲ၊အလှူပွဲများမှ ဝယ်ယူသောကြောင့် အရောင်းသွက်ကြောင်း မကွေးတိုင်းဒေသကြီး၊ ရေနံ့ချောင်းမြို့မှ ရောင်းဝယ်သူတစ်ဦးထံက သိရသည်။

သစ်သီးဝလံများတွင် ဖီးခြမ်းငှက်ပျောက ယခင်ကထက် ပိုရောင်းရတယ်။ ဈေးကလည်း ကိုယ့်အိမ်က ငှက်ပျောအပြင် အပြင်ကပြန်ဝယ်ရတယ်၊ တစ်ဖီး ငွေကျပ် ၄၀၀၀ ရောင်းရတယ်" ဟု ငှက်ပျောသီးရောင်းသူတစ်ဦးက ပြောသည်။

"နဂါးမောက်သီးက အဝယ်လိုက်တယ်၊ အရင်ကတော့ ခြင်းတွေနဲ့ထည့်ပြီး ကျောက်ပန်းတောင်း၊ ပုပ္ပါး၊ ညောင်ဦး၊ ရေနံ့ချောင်းအထိ ပို့ရတယ်၊သီတင်းကျွတ်ရက်မို့ အရောင်းအဝယ်လိုက်တယ်"ဟု ကျောက်ပန်းတောင်းမြို့နယ်မှ နဂါးမောက်စိုက်သူတစ်ဦးက ပြောသည်။ (၄၇၂)



## အရန်မီးသတ်တပ်ဖွဲ့က သံဃာတော်များအား (၁၇၂)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး အောက်တိုဘာ ၁၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင် အလှူရှင်များက (၁၇၂)ကြိမ်မြောက်အဖြစ် စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၅ နာရီက အဆိုပါရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ပြုလုပ်သည်။



ထိုသို့ ဘုံဆွမ်းလောင်းလှူကြရာတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃)တပ်ခွဲမှူးမောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူးတင်မောင်ဆန်းနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်လာသော ရဟန်း၊ သံဃာ အပါး ၁၅၀ ကျော်အား ဆွမ်း၊ ကြက်သားအာလူးချက်၊ ကုလားပဲချက်၊ ငါးလေးခြောက် ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ်စသည့် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၉၃)

## RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း(၃၀၀)အား ပထမအကြိမ် ထုတ်ချေး

**တောင်ကြီး အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ မိုင်းသော်အနောက်ကျေးရွာအုပ်စု၊ ပန့်ပုန်းခေတ်မီစံပြကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက ပန့်ပုန်းခေတ်မီစံပြကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ထုတ်လုပ်သူများ၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် (RBF)စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တောင်ကြီးမြို့နယ် ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန့်ပုန်းခေတ်မီစံပြကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် နေကြာစိုက်ပျိုးမည့် အလင်းရောင်အဖွဲ့၊ ရွှေပီးအဖွဲ့၊ ငွေပီးအဖွဲ့နှင့် ကြာညိုအဖွဲ့ စုစုပေါင်း အစုအဖွဲ့ (၄)ဖွဲ့အား တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ၇၅သိန်း၊ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၃၀၀ကို အစုအဖွဲ့ဝင်များ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့် (ကျေးလက်)**



## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် ပျဉ်ထောင်ကျေးရွာအုပ်စု၊ ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပျဉ်ထောင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။

ပျဉ်ထောင်ကျေးရွာ၌ အရှည် ပေ၅၅၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်းငွေကျပ် ၁၆၅ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ် ၁၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။ **(အောက်ပုံ)**

**ဇော်ထက်(သရက်)**








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး အခြေခံပညာရှင်အဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ






ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားရုပ်သေးကြိုးဆွဲပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး မင်းသားကြိုးဆွဲရုပ်သေး ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကား သိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

**"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ**

ယနေ့တွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျေးရွာဝါဒ" သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတရေစီးကြောင်း" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲ**

**ရုပ်သေးကြိုးဆွဲပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မင်းသားကြိုးဆွဲရုပ်သေးရုပ်နှင့် ဇော်ဂျီကြိုးဆွဲရုပ်သေးရုပ်တို့ဖြင့် ကကြိုးကကွက် စုံလင်စွာယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲ**

**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့် အကပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာအကအဖွဲ့၊ ချင်းပြည်နယ် ကိုယ်စားပြု ချင်းတိုင်းရင်းသားရိုးရာ ဝါးညှပ်အကအဖွဲ့၊ မွန်ပြည်နယ် ကိုယ်စားပြု မွန်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြု ထားဝယ်ရိုးရာ အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ကျေးလက်ရိုးရာ အကအဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကချင်ပြည်နယ် ကိုယ်စားပြု ရဝမ်ရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ် ကိုယ်စားပြု ကရင်ရိုးရာဒုံးယိမ်း အကအဖွဲ့နှင့် ရခိုင်ပြည်နယ် ကိုယ်စားပြု ရခိုင်ရိုးရာအကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက်အချိုးအဆစ် ညီညာပြေပြစ် ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**

**အရေးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင်မည်" ခေါင်းစဉ်ဖြင့် ဂီတရသ စုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**ဒုံမင်းအတီးပြိုင်ပွဲ**

**ဒုံမင်းအတီးပြိုင်ပွဲကို** မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မန်းတောင်လက်ယာ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖန်ထွေလာ" (မွန်) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇေယျာမြို့" (ကြိုး)သီချင်းဖြင့် လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူတောင်ညာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောဟေဝန်လယ်" (ယိုးဒယား)သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)**

စာမျက်နှာ ၄ သို့